# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ သောကြာနေ့၊ (2-1-2015) (၈၀၇၃)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။

ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။

သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)

တေံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့
# နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ပိုလ်ရှုခံအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်

နေပြည်တော် ဇန်နဝါရီ ၁

**ပိုလ်ရှုခံအခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပိုလ်ရှုခံမဏ္ဍပ်ရှေ့ဥပစာ၌ ပြုလုပ်သည့် ၂၀၁၅ ခုနှစ် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ပိုလ်ရှုခံအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**

အခမ်းအနားတွင် နံနက် ၄ နာရီ မိနစ် ၂၀ ၌ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ကြရာ တိုင်းရင်းသား၊ တိုင်းရင်းသူလေးများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် အခမ်းအနားတွင် သရုပ်ပြချီတက်ကြမည့် စစ်ကြောင်းများက ပိုလ်ရှုခံမဏ္ဍပ်ရှေ့သို့

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖



၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ပိုလ်ရှုခံအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုကို တွေ့ရစဉ်။ သန်းဦး(လေးမျက်နှာ)

### လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိ

**ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။**

# မြောင်းမြမြို့တွင် အဝေးပြေးကားဂိတ်ကြီး မကြာမီဖွင့်လှစ်မည်

**မြောင်းမြ ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့အဝင် မြကန်သာ ရပ်ကွက်တွင်း မြေ ၅ ဒသမ ၂၃ ဧကပေါ်တွင် မြောင်းမြမြို့နယ် စီမံခန့်ခွဲရေးကော်မတီ၏ စီမံခန့်ခွဲမှုနှင့်အညီ လဝန်းသစ္စာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းကုမ္ပဏီနှစ်ခုတို့မှ တာဝန်ယူဆောက်လုပ်လျက်ရှိသော အဝေးပြေးကားဝင်းကြီး မကြာမီဖွင့်လှစ် မည်ဖြစ်ကြောင်း အဆိုပါ အဝေးပြေးယာဉ်ရပ်နားစခန်း အရောင်းမြှင့်တင်ရေးနှင့် နှစ်သစ်ကိုကြိုဆိုသည့် အခမ်းအနားမှ သိရသည်။

မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူးက အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားရာတွင် ၂၀၁၄ ခုနှစ် ဩဂုတ် ၁၅ ရက်နေ့ကဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ အားကစားဝန်ကြီးဌာန

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻


**ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှဝိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာသမားများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူ မိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူ ပြည်သားများအားလုံး ခရစ်သက္ကရာဇ် ၂၀၁၅ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့်** **၂-၁-၂၀၁၅၊ သောကြာနေ့**

# သီးနှံဖွံ့ဖြိုးအထွက်တိုးရေး

၂၁ ရာစုကို ပညာခေတ်ဟု ပညာရှင်များက ပိုင်းခြားသတ်မှတ် ပညတ်ထားသည်။ နယ်ပယ်အသီးသီးမှာ နည်းပညာက ရှေ့တန်းရောက်လာသည်။ နည်းပညာအားနည်းက နောက်တန်းရောက်သွားရသည်။ လူတစ်ဦး၊ လူတစ်စုမှသည် နိုင်ငံတစ်ခုထိ ဖွံ့ဖြိုးတိုးတက်မှုကို နည်းပညာနှင့် တိုင်းတာသတ်မှတ်အဆင့်ခွဲခြားမှုပြုလာကြသည်။ နည်းပညာအားသာသောနိုင်ငံများမှာ ကမ္ဘာ့ အလယ်တွင် မျက်နှာပန်းလှနေကြသည်။ ဥပမာ အာရှမှ တောင်ကိုရီးယား၊ ဂျပန်၊စင်ကာပူ တို့ဖြစ်သည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတအလျှံအပယ် ရှိနေပါလျက် နည်းပညာအားနည်းချက် မိမိတို့နိုင်ငံကြုံနေရသည်။

ကျေးလက်ဒေသနေ ၇၀ ရာခိုင်နှုန်းသော ပြည်သူတို့၏ အဓိကပင်မစီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တစ်ခုတည်းသာဖြစ်နေမှုကလည်း နိုင်ငံဖွံ့ဖြိုးမှုကို နှောင့်နှေးစေသလိုဖြစ်နေရသည်။ စိုက်ပျိုးရေးတွင်လည်း သမားရိုးကျ မိရိုးဖလာနည်းစနစ်ရှိနေသေးသည်။

ယခုအခါ မိရိုးဖလာနည်းစနစ်မှာ အခက်အခဲများ ရှိလာနေပြီ။ လယ်ယာလုပ်ငန်း၏ ပင်မ လုပ်အားရှင် ကျွဲ၊ နွားများရှားပါးလာခြင်း၊ လယ်ယာလုပ်သား၊ သူရင်းငှားများ ရှားပါးလာနေမှုက စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနေပြီ။ စက်မှုလယ်ယာစနစ်သို့ ဦးတည်လာစေခဲ့ပါသည်။ ဤဖြစ်စဉ်က မိမိတို့နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကို လက်မှုလယ်ယာစနစ်မှ စက်ဖြင့်ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းစက်ဖြင့် ခြွေလှေ့ကာ တလင်းပျောက်စနစ်သုံး စက်မှုလယ်ယာစနစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာစေခဲ့ပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှလည်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေးနည်းပညာများကို တောင်သူများလိုက်ပါကျင့်သုံးစေခြင်း၊ မျိုးနှင့်နည်းစနစ်များကို ဒေသ၏ရေမြေနှင့်ကိုက်ညီအောင်စီမံပေးခြင်း၊ နည်းပညာအကူအညီများတိုးချဲ့ပြီး ဒေသလုပ်ထုံးလုပ်နည်းများကို ပြောင်းလဲစေခြင်းလုပ်ဆောင်ပေးလျက် ရှိလာနေသည်။

အကျိုးဆက်မှာ ယခုနှစ်တွင် မိမိတို့နိုင်ငံ၏ စပါးကျီဟု တင်စားသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးစပါးဧက သုံးဆယ့်ခြောက်သိန်းသုံးသောင်းကျော် ရာနှုန်းပြည့်ဖြစ်ထွန်းအောင်မြင်လာခြင်းဖြစ်သည်။ ဤသို့အောင်မြင်မှုတွင် နည်းပညာမျိုးစပါးအပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်း တောင်သူ ၃၇၁၃၇၃ ဦးအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၂၄၅၅၁ သိန်းခန့်ကလည်း ကြီးစွာအထောက်အကူဖြစ်စေပါသည်။

စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်မှုတွင် ပိုးသတ်ဆေးများသုံးစွဲမှုကိုလည်း ဂရုပြုလာသည်။ ပိုးသတ်ဆေးကို စနစ်တကျ သုံးစွဲတတ်ဖို့လိုသည်။ သုံးတတ်က စိုက်ပျိုးရေးအကျိုးပေးဆေးဖြစ်လာပြီး မသုံးတတ်က သုံးစွဲသူကို တိုက်ရိုက် ဒုက္ခပေးကာဘေးဖြစ်စေသည်။ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် တောင်သူလယ်သမားများ ပိုးသတ်ဆေးကိုစနစ်တကျနှင့် အကျိုးရှိစွာ သုံးစွဲတတ်စေရေး၊ စားသုံးသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး၊ ပိုးသတ်ဆေးများကို တင်သွင်းထုပ်ပိုး ရောင်းဝယ်ဖောက်ကား သိုလှောင်သုံးစွဲရာတွင် ပိုးသတ်ဆေးဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်တတ်စေရန် ရည်ရွယ်လျက် သင်တန်းပို့ချမှုများရှိလာနေပြီ။

တိုင်းဒေသကြီးများနှင့် ပြည်နယ်များအပါအဝင် တစ်နိုင်ငံလုံးအနှံ့တွင် တောင်သူများ ပိုးသတ်ဆေးနည်းစနစ် မှန်ကန်သုံးစွဲတတ်စေရေး သင်တန်းများ ပေးသွားကြရမည်ဖြစ်ပါသည်။ တောင်သူတစ်ဦးချင်းစီ၏ နည်းစနစ်မှန်ကန်စွာသုံးစွဲတတ်မှုက လယ်ယာလုပ်ငန်းခွင်တွင် အန္တရာယ်ကင်းဘေးရှင်းစေပြီး သီးနှံအထွက်တိုးမှုကိုလည်း ကြီးစွာအထောက်အကူဖြစ်စေသည့် တစ်ချက်ခုတ်နှစ်ချက်ပြတ် အစီအမံနှင့်သင်တန်းများဖြစ်ပါသည်။

မျက်မှောက်ကာလ ကမ္ဘာနှင့်တစ်ဝန်းတွင် ကမောက်ကမရာသီဥတုကြောင့် စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုကျဆင်းကာ စားနပ်ရိက္ခာရှားပါးလာနေချိန် မိမိတို့နိုင်ငံတွင်ကား ရေမြေ သဘာဝရာသီဥတုအခြေအနေကောင်းများရှိနေဆဲဖြစ်ပြီး နည်းပညာအားနည်းချက်ကို ကုစားနိုင်ပါက ဝမ်းစာပြည့်လျှံပြီး ပြည်ပနိုင်ငံများထိ ဆတက်ထမ်းပိုးတင်ပို့နေနိုင်ဦးမည် အမှန်ဖြစ်ပါကြောင်း။ ။

## (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားတွင် ချီတက်မည့်အဖွဲ့ဝင်များအား ကြံ့ခိုင်မှုကောင်းမွန်ရေး အာဟာရများလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်ချီတက်အလေးပြုမည့် နေပြည်တော် စည်ပင်ဇေယျာ့ရိပ်သာတွင် တည်းခိုနေသည့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ လေ့ကျင့်နေမှုကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကက ကြည့်ရှုအားပေးပြီး ကြံ့ခိုင်မှုကောင်းမွန်ရေး ဖြည့်စွက်အာဟာရများ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကျင်ခိုင်၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းနှင့် အဖွဲ့ဝင်များ ဗိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်ချီတက်အလေးပြုမည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် နည်းပြဆရာများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



**ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း**

| **ရန်ကုန်** | **ဇန်နဝါရီ ၁** | |
|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၅၉၈၀၀ | - ၆၆၀၈၀၀ |
| မန္တလေး ရွှေဈေး | ၆၅၉၆၀၀ | - ၆၆၀၆၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၈၀ | ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၁၀၀၀ | ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၇၃၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၅ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၄၀. ၁ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၃. ၂၉ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၄. ၈၀ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၁. ၁၆၅ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၃. ၁၅ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၂၆၁ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၈၅၆. ၄၁ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၁၇၃ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၃၇. ၄၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

## မြို့လယ်နာရီစင်ပြုပြင်ပြီးစီး

**ကျုံပျော် ဇန်နဝါရီ ၁**

ကျုံပျော်မြို့နယ်ရှိ မြို့တွင်းနာရီစင်ကြီးအား ဒီဇင်ဘာ ၃၁ ရက်က ပြုပြင်ဆောင်ရွက်ခဲ့သည်။ မြို့တွင်းနေထိုင်သူတစ်ဦးက မြို့လယ်မှာရှိတဲ့ နာရီစင်ဖြစ်လို့ မြို့ရဲ့ကျက်သရေဆောင်လည်းဖြစ်သလို လူတွေအမြဲမြင်တွေ့နေရတဲ့ အရာလည်းဖြစ်တော့ ရေညှိတက်၊ ဆေးရောင်တွေလွင့်ပြယ်နေရင် မြို့လည်းမှေးမှိန်ပါတယ်။ အဆိုပါ နာရီစင်ကြီးကို ယခင်နှစ်က ဂျပန်နိုင်ငံထုတ် ဒီဂျစ်တယ်မီးအစိမ်းရောင်ပါရှိသည့် နာရီလေးလုံးဖြင့် လဲလှယ်တပ်ဆင်ပေးခဲ့ပြီး အချိန်မှန်ကန်မှုကြောင့် လူအများလည်း နှစ်သက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**







စိန်နန်းတော်
Diamonds & Fine Jewelry

Merry X'mas & Happy New Year Sales
20th Dec to 10th Jan 2015
5% - 30% off

ဗလာမပါ ချက်ချင်းပေါက် ချက်ချင်းယူ ကံစမ်းမဲအထူးအစီအစဉ်

စိန်လက်စွပ်၊ ရွှေဆွဲကြိုး၊ ပလက်တီနမ်နားကပ်၊ တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊
Samsung GSM Handset၊ Huawei Tablet၊ DVD Player၊ ပန်ကာ
နှင့် အခြားအဖိုးတန် ဆုမဲပေါင်းများစွာ

မိတ်ဟောင်းမိတ်သစ်များကို Promotion ကာလအတွင်း ဝယ်ယူအားပေးရန် ဖိတ်ကြားအပ်ပါသည်။

Main Branch - No. 663/665 Mahabandoola Road, Between Latha St & 20th St, Yangon Ph: 01-371944, 01-371454, 01-371425
Branches - Taw Win Center, Junction Square Shopping Center, Gamone Pwint (Ga Bar Aye), Ocean Supercenter (Shwe Gone Daing)
http://www.seinnandaw.com info@seinnandaw.com facebook.com/seinnandaw Online Shopping Hotline - 09 42500 8475



## ပြည်တွင်းရေးရာ

(၁၈) ကြိမ်မြောက်အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ
The 18th Meeting of ASEAN Tourism Ministers & Related Meetings

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅
ASEAN Tourism Forum 2015

အာဆီယံ - ငြိမ်းချမ်းဝေစည်၊ တွဲလက်ညီ၊ ခရီးသွားလုပ်ငန်းဖြင့် အရောက်လှမ်းရှိ
ASEAN: Tourism Towards Peace, Prosperity and Partnership

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့မှ (၂၉)ရက်နေ့အထိ
22-29 January 2015

မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) နှင့် (၂) နေပြည်တော်၊ မြန်မာ
Myanmar International Convention Centre I & II
Nay Pyi Taw, Myanmar



# ညောင်ရွှေမြို့၌ အင်းတိုင်းရင်းသားများ ငြိမ်းချမ်းစွာ စုပေါင်းဆန္ဒဖော်ထုတ်

**ညောင်ရွှေ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်တွင် ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဒေသခံ တိုင်းရင်းသား ၃၇၂၆ ဦးတို့သည် ငြိမ်းချမ်းစွာ စုပေါင်းဆန္ဒဖော်ထုတ်ခွင့် တရားဝင်ခွင့်ပြုချက် တောင်းခံပြီး တောင်းဆိုချက်(၅)ချက်ပါဝင်သော လက်ကိုင်ပိုစတာများကိုင်ဆောင်၍ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ စုဝေးကာ ဖောင်တော်ဆိုက်လမ်း၊ ကမ်းနားလမ်းနှင့် ဖောင်တော်ပြန်လမ်းတစ်လျှောက် လှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ညောင်ရွှေမြို့နယ် အတွင်း တစ်နာရီကျော်ကြာ လမ်းလျှောက် လှည့်လည် ဆန္ဒဖော်ထုတ်ပွဲတွင် အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသာဒိုးက "ဒေသဖွံ့ဖြိုးရေး ကိုယ်စားပြုတဲ့ နိုင်ငံရေးဖြစ်စဉ်တွေမှာ တိုင်းရင်းသားတွေပါဝင်ဖို့ အခွင့်အလမ်းရှိပါတယ်။ နိုင်ငံတော်ကလည်း ဒါကို အသိအမှတ်ပြုပေးသင့်ပါတယ်။ တွေ့ဆုံဆွေးနွေးပွဲတွေမှာ လူနည်းစုအမြင်ထက် လူများစုအမြင်က ပိုကောင်းပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးရဖို့ဟာ နိုင်ငံအတွက် အရေးကြီးပါတယ်။ အများကြီးလည်း လုပ်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးကို တပ်မတော်တစ်ရပ်တည်းနဲ့ မဆောင်ရွက်နိုင်ပါဘူး။ တိုင်းရင်းသားတွေ အားလုံးပါဝင်မှ အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးဖြစ်စဉ်တွေမှာ တိုင်းရင်းသားကိုယ်စားလှယ်တွေ ပါဝင်ခွင့်ရရေး အစိုးရကဆောင်ရွက်ပေးဖို့ ဆန္ဒဖော်ထုတ်တာပါ" ဟု ရှင်းပြသည်။

"ညောင်ရွှေမြို့နယ်မှာ ဒါဟာ ပထမဆုံးအကြိမ် တွေ့မြင်ရတဲ့ လူထုဆန္ဒဖော်ထုတ်ပွဲပါ။ တိုင်းရင်းသားတွေရဲ့အရေး၊ တိုင်းရင်းသားတွေရဲ့ ဆန္ဒကို ထုတ်ဖော်ခွင့်ရလို့ ကျေနပ်ဝမ်းသာမိပါတယ်" ဟု ဖောင်တော်ပြန်ရပ်မှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ဆန္ဒဖော်ထုတ်ပွဲတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အောင်မြင်သည်အထိ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်၊ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ အရေးဖြစ်သော ခြောက်ပွင့်ဆိုင်တွေ့ဆုံမှုနှင့် မဖြစ်နိုင်သည်ကို နိုင်ငံတော်အစိုးရက အလေးအနက်ထည့်သွင်းစဉ်းစားရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် နိုင်ငံရေးဖြစ်စဉ်များတွင် တိုင်းရင်းသားများအားလုံး ပါဝင်ခွင့်ရရှိရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်၊ ခြောက်ပွင့်ဆိုင်အလိုမရှိ၊ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်နိုင်ခွင့်ရရှိရေး စသည့် အချက် (၅) ချက်ပါဝင်သော တောင်းဆိုချက်များဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# မြောင်-မရိုးကုန်း ကိုယ့်အားကိုယ်ကိုး သဲချောင်းရိုးပေါင်းကူးသံကူကွန်ကရစ်တံတား ပန္နက်တင်

**မြောင် ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့မအုပ်စု မရိုးကုန်းကျေးရွာ၌ မြောင်မြို့နှင့်မရိုးကုန်းကျေးရွာကြား သဲချောင်း ရိုးပေါင်းကူးသံကူကွန်ကရစ်တည်ဆောက်ခြင်း ပန္နက်တင် အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က ပြုလုပ်သည်။

အဆိုပါ သဲချောင်းရိုးကူးတံတား အရှည်မှာ အလျား ပေ၁၀၀၊ အနံ ၁၀ ပေ၊ အမြင့် ၁၀ ပေဖြစ်၍ ချဉ်းကပ်လမ်းမှာ တစ်ဖက် ပေ ၃၀၀ ရှိပြီး စုစုပေါင်းကုန်ကျငွေသိန်း ၄၅၀ ခန့်ဖြစ်ကြောင်း သိရှိရသည်။ တံတားပြီးစီးပါက မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ရှိ မြို့နယ်/ကျေးရွာများနှင့် အတူ မြောင်မြို့နယ်မှ ရေလမ်းခရီးသွားများ မြောင်မြို့သို့ အဆင်ပြေလွယ်ကူစွာ သွားရောက်နိုင်မည်ဖြစ်ကြောင်းသိရသည်။

**တင်ကိုကို**

# အရှိန်မထိန်းနိုင်သောယာဉ် တောင်နံရံဝင်တိုက် တိမ်းမှောက်သဖြင့် ၂၀ ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် ကလောမြို့နယ် မိတ္ထီလာ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၉၆/၁-၂) ကြားတွင် ဒီဇင်ဘာ ၃၁ ရက်ညနေ ၅ နာရီ ၅ မိနစ်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဟဲဟိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

ဟဲဟိုးမှ တောင်ကြီးသို့ မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက်နေ ဇော်မိုး (၃၈)နှစ် မောင်းနှင်သည့် "ချစ်ကြည်ရေး" ခရီးသည်တင်ယာဉ်လိုင်းမှ ၂ခ/--- ISUZU မှန်လုံယာဉ်သည် အရှိန် မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက်ဘေးရှိ တောင်နံရံကို ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ထိုသို့ တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဇော်မိုးနှင့် ယာဉ်ပေါ်တွင် လိုက်ပါသည့် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် တမာကုန်းကျေးရွာနေ စိုင်းတင်ထိုက် (၃၆)နှစ်ပါ ၁၉ ဦးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# သဃ်န်းကျွန်းမြို့နယ်တွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ငါးလုံး တိုးချဲ့တည်ဆောက်

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောသူရနှင့် အင်ဂျင်နီယာလိုင်းဝန်ထမ်းများသည် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားမပြတ်တောက်ရေး၊ ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေးနှင့် ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ယခုရက်ပိုင်းတွင် လေးထောင့်ကန်ရပ်ကွက်ရှိ ရွှေရည်လမ်းနှင့်ကန်တော်လမ်းထောင့် ဗိုလ်ကံညွန့်ရပ်ကွက်ရှိ ဇမ္ဗူမဏ္ဍိုင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်ရှိ အောင်ဇေယျလမ်း၊ (ခ)ရပ်ကွက်ရှိ ပြည်တော်သာလမ်းနှင့်(ခ)ရပ်ကွက်ရှိ ဦးဘလှလမ်းတို့၌ ၂၀၀ကေဗွီအေထရန်စဖော်မာ ငါးလုံး တိုးချဲ့တည်ဆောက်တပ်ဆင်၍ ဓာတ်အားဖြန့်ဖြူးပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစံဌေးက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မွှေးမွှေး(သဃ်န်းကျွန်း)**

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကြိတ်မငြှိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြှိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်း ငြှိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

**❋ မြောင်းမြမြို့မှ**

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က ပန္နက်တင်အခမ်းအနား တက်ရောက်ခဲ့သည်။ မြောင်းမြမြို့ရှိ အဝေးပြေးကားဝင်းကြီးတွင် ကားဂိတ် ၃၂ ခန်း၊ ပွဲရုံ ၄၂ရုံ၊ ဈေးဆိုင် နှစ်ထပ် ၅၂ ခန်း၊ လူနေဆိုင်ခန်း ၁၄၊ အဆင့်မြင့်တည်းခိုခန်းနှင့် စက်သုံးဆီအရောင်းဆိုင်များ ပါဝင်သည်။

ဒေသတွင်းမော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ တစ်နေရာတည်းတွင် အဆင်ပြေချောမွေ့စွာ စီးနင်းသွားလာနိုင်ရန်နှင့် မြောင်းမြမြို့ အခြေပြုပြေးဆွဲလျက်ရှိသည့် အဝေးပြေးမော်တော်ယာဉ်များ အဆင်ပြေချောမွေ့ရန်နှင့် အနီးရှိမြို့၊ ရွာများမှ ကုန်ပစ္စည်းများကို အဆင်ပြေစွာ စုဆောင်းပို့ဆောင်နိုင်ရေးအတွက် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။

သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်လျက်ရှိပြီး မြို့နယ်ကော်မတီများနှင့် လုပ်ငန်းကြီးကြပ်မှုကော်မတီများမှ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်လုပ်ငန်းပိုင်ရှင်များနှင့် မြို့မိမြို့ဖများက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

"အဝေးပြေးဝင်းကြီးဆောက်ပြီးရင် ကျွန်တော်တို့ကားလိုင်းက ကားဂိတ်တစ်ခုဝယ်ရမှာ"ဟု ပုသိမ်-မြောင်းမြ ပြေးဆွဲနေသည့် ဘတ်စ်ကားလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လဝန်းသစ္စာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ကလည်း မြောင်းမြမြို့ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး ကျပ်သန်း ၃၈၀၀ ရင်းနှီးမြှုပ်နှံကာ တည်ဆောက်သွားမည်။ လာမည့် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ကနဦး မော်တော်ယာဉ်လိုင်းများ ရပ်နားနိုင်ရန် တည်ဆောက်သွားမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ် ဇွန်လတွင် အဆောက်အအုံအားလုံး ပြီးစီးအောင် ဆောက်လုပ်သွားမည်ဖြစ်ပြီး စီမံခန့်ခွဲမှုကော်မတီသို့ အပ်နှံ ရောင်းချသွားမည် ဖြစ်ကြောင်း တည်ဆောက်ရေးလုပ်ငန်းများ တာဝန်ယူထားသည့် လဝန်းသစ္စာ ကုမ္ပဏီလီမိတက်မှ Project Director ကိုဥာဏ်လင်းထက်ကျော်က ပြောသည်။ ကားဂိတ်ခန်း တစ်ခန်းလျှင် အထပ်ခိုးပါ ကျပ် ၁၁၅ သိန်း၊ ဈေးဆိုင်ခန်း သိန်း ၁၂၀၊ ပွဲရုံတန်းတစ်ခန်း သိန်း ၅၀၀ ဖြင့် အသီးသီး အရစ်ကျစနစ်ဖြင့် လည်းကောင်း အကျေစနစ်ဖြင့် လည်းကောင်း ရောင်းချသွားမည်ဟု သိရသည်။

"ကားကြီးဝင်းတည်ဆောက်ပြီး ရင် လုပ်ငန်းတွေအဆင်ပြေလာပြီး ဒီနားတစ်ဝိုက်က အရင်တုန်းက တောကြီးလေ၊ အခုလိုဆောက်လိုက်တော့ လူစည်ကားသွားတာပေ့ါ။ ဒီကနေမြို့ထဲကို စက်ဘီးနဲ့ဆို ၁၀ မိနစ်လောက်သွားရတယ်"ဟု အနီးရှိ ဈေးရောင်းသူတချို့က ပြောသည်။ **(သန့်ဇင်ဝင်း)**

# ပြည်သူ့အသံအလေးထားရန် သမ္မတရှီ တိုက်တွန်း

**ပေကျင်း ဇန်နဝါရီ ၁**

နိုင်ငံတော်၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် သွေးစည်းညီညွတ်ကြရန်နှင့် ပြည်သူ့အသံကို အလေးထားနားထောင်ကြရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က နိုင်ငံရေးအတိုင်ပင်ခံအဖွဲ့၏ အထက်တန်း တာဝန်ရှိသူများအား တိုက်တွန်းလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

နှစ်သစ်ကူးအထိမ်းအမှတ်အခမ်းအနားတွင် တရုတ်သမ္မတက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုစစ်ရေးကော်မရှင်၏ ဥက္ကဋ္ဌလည်းဖြစ်သူ သမ္မတရှီသည် ၂၀၁၄ ခုနှစ် ပါတီ၏ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေကို ရှင်းလင်းပြောကြားခဲ့သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းစွမ်းဆောင်မှုမြှင့်တင်ခြင်း စသည်တို့နှင့် ပတ်သက်၍ အောင်မြင်မှုများ ရရှိခဲ့ကြောင်း သမ္မတရှီက ပြောကြားသည်။

မိမိတို့ ပါတီ၏လုပ်ငန်းများ အကောင်အထည်ဖော်မှုအရ တိုးတက်အောင်မြင်မှုများ ရရှိနေသော်လည်း စိန်ခေါ်မှုအများအပြားရှိနေသည်ကို သတိမူကြရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ။**



# ရှန်ဟိုင်း နှစ်ကူးပွဲတော်တွင် လူအုပ်ပြိုကျရာမှ ၃၆ ဦး သေဆုံး

**ရှန်ဟိုင်း ဇန်နဝါရီ ၁**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ နှစ်သစ်ကူး အကြိုညပွဲတော်တွင် လူအုပ်တက်နင်းမိသဖြင့် အနည်းဆုံး ၃၆ ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ရှန်ဟိုင်းမြို့၏ နာမည်ကျော် 'ဘန်း' ကမ်းနားပိုင်းအရပ်ကို အပေါ်စီးမှ စီးမိုးကြည့်ရှုနိုင်သည့် အဆောက်အအုံတစ်လုံးပေါ်မှ ကြဲချသော ငွေစက္ကူအတုများကို ကောက်ယူရန် အလုအယက်တိုးဝှေ့ကြခြင်းကြောင့် ဖြစ်ဖွယ်ရာရှိသည်ဟု ဆိုသည်။

ညသန်းခေါင်မတိုင်မီတွင် 'ဘန်း'အရပ်မှ ချင်းယီရင်ပြင်တွင် ကြီးမားသောလူအုပ်ကြီး စတင်ပြိုကျကြောင်း၊ ၂၀၁၀ ခုနှစ်က အဆောက်အအုံတစ်လုံး မီးလောင်၍ ၅၈ ဦး သေဆုံးခဲ့ရသည့် ဖြစ်ရပ်နောက်ပိုင်း ယခုဖြစ်ရပ်သည် အဆိုးရွားဆုံးဖြစ်ကြောင်း ရှန်ဟိုင်းအစိုးရက ပြောကြားသည်။

လူအများ ရုန်းရင်းဆန်ခတ်ဖြစ်ရခြင်း၏ အကြောင်းရင်းကို အတည်ပြုနိုင်ခြင်းမရှိသေးပေ။ မီဒီယာများနှင့် မျက်မြင်တွေ့ရှိသူများက ပြောသည်မှာ ငွေစက္ကူအတုများကိုကောက်ယူရန် လူစုလူဝေးကြီးက ကြိုးစားခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

ဆေးရုံသို့ တက်ရောက်ကုသမှုခံယူနေသည့် ဒဏ်ရာရသူ ၄၇ ဦးအနက် ဝူဆိုသူက နှစ်သစ်ကူးညပွဲတော် အစီအစဉ်တစ်ခုအဖြစ် အဆောက်အအုံတစ်ခုရှိ အရက်ဆိုင်မှ ငွေစက္ကူအတုများကို လမ်းပေါ်သို့ ပစ်ချခဲ့ကြောင်း၊ လူများက အလုအယက်ကောက်ကြရာမှ လူအချင်းချင်းတက်နင်းမိရခြင်းဖြစ်ကြောင်း ပြောသည်။

သင်းသင်းဆိုသူ အမျိုးသမီးက ၎င်းသည် ငွေစက္ကူအချို့ကို ရရှိကြောင်း၊ အတုမှန်းသိသည့်အခါ လွှင့်ပစ်ခဲ့ကြောင်း၊ သူ့ရှေ့တွင် လူအချို့လဲကျခဲ့ကြောင်း၊ တခြားလူများက ၎င်းတို့အပေါ် တက်နင်းကြကြောင်း ပြောသည်။

သေဆုံးသူအများစုနှင့် ဒဏ်ရာရရှိသူအများစုသည် ကျောင်းသားများဖြစ်ကြကြောင်း၊ သေဆုံးသူများထဲတွင် အမျိုးသမီး ၂၈ ဦး ပါဝင်ကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

သမ္မတရှီကျင့်ဖျင်က ရှန်ဟိုင်းအစိုးရအား စုံစမ်းစစ်ဆေးရန် ညွှန်ကြားခဲ့ကြောင်း၊ နိုင်ငံတစ်ဝန်းရှိ အစိုးရအဖွဲ့များကိုလည်း အလားတူဖြစ်ရပ်မျိုး နောက်တစ်ကြိမ် မပေါ်ပေါက်စေရန် အမိန့်ထုတ်ပြန်ကြောင်း ရုပ်မြင်သံကြားမှတစ်ဆင့် ကြေညာသည်။

ရှန်ဟိုင်းအစိုးရက တာဝန်ရှိသူများသည် ဖြစ်စဉ်ကို စတင်စုံစမ်းစစ်ဆေးနေပြီး အခြားနှစ်သစ်ကူးပွဲများကိုလည်း ဖျက်သိမ်းလိုက်ကြောင်း ပြောကြားသည်။

**ရိုက်တာ။**

# တောင်ကိုရီးယား ပြည်ပပို့ကုန်တင်ပို့မှု ၂၀၁၄ ခုနှစ်တွင် စံချိန်တင် မြင့်တက်

**ဆိုးလ် ဇန်နဝါရီ ၁**

တောင်ကိုရီးယားနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့နိုင်မှုသည် ၂၀၁၄ ခုနှစ်တွင် စံချိန်တင် မြင့်တက်လာခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ၏ အဓိကဈေးကွက်ဖြစ်သော တရုတ်နိုင်ငံ၌ စီးပွားရေး တိုးတက်မှုနှုန်း နှေးကွေးသွားခဲ့ပြီး ဥရောပ၌ စီးပွားရေးနာလန်ထူမှု အရှိန်လျော့ကျသွားခဲ့သော်လည်း ပြည်ပပို့ကုန်တင်ပို့မှုမှာ စံချိန်တင် ပမာဏအထိ မြင့်တက်ခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

၂၀၁၄ ခုနှစ် တစ်နှစ်လုံးအနေဖြင့် ပြည်ပပို့ကုန်တင်ပို့မှု ၂ ဒသမ ၄ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၇၃ ဒသမ ၁ ဘီလီယံရှိကြောင်း၊ သွင်းကုန်ပမာဏမှာမူ နှစ်ရာခိုင်နှုန်း မြင့်တက်ကာ အမေရိကန်ဒေါ်လာ ၅၂၅ ဒသမ ၇ ဘီလီယံဖိုးရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

**ပီတီအိုင်။**

# အာဖဂန် မင်္ဂလာပွဲ ဒုံးကျည်ကျဆင်း ၂၆ ဦးသေ၊ ၄၀ ကျော်ဒဏ်ရာရ

**ကဘူး ဇန်နဝါရီ ၁**



အာဖဂန်နစ္စတန်နိုင်ငံတွင် လက်ထပ်မင်္ဂလာအခမ်းအနား တစ်ခုကျင်းပစဉ် ဒုံးကျည်တစ်စင်း ကျရောက်ခဲ့သဖြင့် လူပေါင်း ၂၆ ဦး သေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ ဘီဘီစီတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဟေမန်စီရင်စုတောင်ပိုင်းတွင် လက်ထပ်မင်္ဂလာအခမ်းအနားကျင်းပနေသည့်နေရာသို့ တာလီဘန်စစ်သွေးကြွများနှင့်အာဖဂန်စစ်သားများ အပြန်အလှန်ပစ်ခတ်မှုကြောင့် ဒုံးကျည်တစ်စင်းကျရောက်ခဲ့ခြင်းဖြစ်သည်။

ထိခိုက်ဒဏ်ရာရရှိသူ ၄၀ ကျော်အနက် အများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြသည်။

ဧည့်သည်တော်များက သတို့သမီးအား ကြိုဆိုရန် အိမ်အပြင်ဘက်ထွက်ပြီး မျှော်လင့်စောင့်စားနေစဉ် အဆိုပါဒုံးကျည်တစ်စင်း ကျဆင်းလာခြင်းဖြစ်ကြောင်း အခမ်းအနားကျင်းပသည့် အိမ်ပိုင်ရှင်ကဆိုသည်။ ဒဏ်ရာရသူများကို လက်ချ်ကာဂါဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြသည်။

အဆိုပါ ဒုံးကျည်ကျဆင်းမှုသည် အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များ ဆုတ်ခွာသွားသော်လည်း တိုက်ပွဲများရှိနေသေးသည်ကို မီးမောင်းထိုးပြခြင်းဖြစ်သည်။

လွန်ခဲ့သော တနင်္ဂနွေနေ့တွင် အာဖဂန်နစ္စတန်နိုင်ငံမှ နေတိုးတပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာခဲ့သော်လည်း မဟာမိတ်တပ်ဖွဲ့များက နိုင်ငံ၏လုံခြုံရေးကို အပြည့်အဝတာဝန်ယူထားသည့် အာဖဂန်နစ္စတန်စစ်တပ်ကို စစ်ရေးလေ့ကျင့်ပေးခြင်းများနှင့်အထောက်အပံ့ပေးခြင်းများကို အဓိကလုပ်ဆောင်ပေးမည်ဖြစ်သည်။ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် စစ်သွေးကြွများက အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနကို လေယာဉ်ဖြင့် စတင်တိုက်ခိုက်ခဲ့သည့်အချိန်မှစပြီး နေတိုးတပ်ဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံတွင် စတင်တပ်ဖြန့်ထားခဲ့ခြင်းဖြစ်သည်။

၂၀၀၁ခုနှစ်မှစပြီး ၂၀၁၄ခုနှစ်အထိ အာဖဂန်နစ္စတန်နိုင်ငံတွင် လူအသေအပျောက်နှင့် အထိအခိုက်အများဆုံးကာလဖြစ်သည်။ တာလီဘန်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရာတွင် အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင် ၄၆၀၀ ကျော်သေဆုံးခဲ့သည်။ နေတိုးတပ်ဖွဲ့စတင်တပ်ဖြန့်သည့် အချိန်မှစပြီး နိုင်ငံခြားတပ်ဖွဲ့ဝင် ၃၅၀၀ နီးပါးသေဆုံးခဲ့ကြောင်း သိရသည်။

**ဘီဘီစီ။**

# အဲအေရှလေယာဉ်မှ ရုပ်အလောင်းများကို မည်သူမည်ဝါခွဲခြားမည်

**ဆူရာဘာရာ ဇန်နဝါရီ ၁**

အဲအေရှလေယာဉ်မှ တွေ့ရှိသည့် ရုပ်အလောင်းများကို မည်သူမည်ဝါခွဲခြားရန်အတွက် ဇန်နဝါရီ ၁ ရက်က အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ဂျာဗားပြည်နယ် မြို့တော်ဆူရာဘာရာရှိ ရဲဘက်ဆေးရုံသို့ လွှဲပြောင်းလိုက်ကြောင်း ကယ်ဆယ်ရေးသမားများက ပြောကြားသည်။

ဒီဇင်ဘာ ၃၁ ရက် ကတည်းက ရုပ်အလောင်းနှစ်လောင်းအား မည်သူမည်ဝါ ခွဲခြားပြီးဖြစ်ကြောင်း အရှေ့ဂျာဗားပြည်နယ် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဌာန အကြီးအကဲဖြစ်သူ ဟာနန်တိုက ထုတ်ဖော်ဖွင့်ဟခဲ့သည်။ ရုပ်အလောင်းလေးလောင်း ရောက်ရှိလာမှုကြောင့် စုစုပေါင်း ခွဲစိတ်စစ်ဆေးရမည့် အလောင်းများမှာ ခြောက်လောင်းအထိ ရှိလာပြီဖြစ်ကြောင်း ၎င်းက ဆူရာဘာရာရှိ ရေတပ်အခြေစိုက်စခန်းတစ်ခုတွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထိုစဉ်အတွင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးတာဝန်ခံ တပ်မှူး အီကိုဝီရတ်မိုကိုက နောက်ထပ် ရုပ်အလောင်းနှစ်လောင်း ထပ်မံတွေ့ရှိခဲ့သော်လည်း ၎င်းတို့မှာ ပင်လယ်ပြင်ရှိ ကယ်ဆယ်ရေး သင်္ဘောပေါ်တွင် ရှိနေဆဲဖြစ်ကြောင်း ပြောကြားသည်။ အမှန်တကယ်တွင် ရုပ်အလောင်း ရှစ်လောင်း တွေ့ရှိခဲ့ပြီးဖြစ်ကြောင်း၊ ဒီဇင်ဘာ ၃၁ ရက်က ဆောင်ရွက်ခဲ့သည့် ရွှေ့ပြောင်းရေးလုပ်ငန်းများတွင် ရာသီဥတုကောင်းမွန်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

အရှေ့ဂျာဗားပြည်နယ် အုပ်ချုပ်ရေးမှူး ဆိုကာဝိုက ရုပ်အလောင်းများ မည်သူမည်ဝါခွဲခြားရန်နှင့် ရွှေ့ပြောင်းရေး ကြိုးပမ်းမှုများအတွက် လိုအပ်သည့် မည်သည့်အကူအညီမဆို ပေးသွားမည်ဟု ပြောကြားသည်။

**ဆင်ဟွာ။**

# တောင်ကိုရီးယားနှင့် ဆွေးနွေးပွဲပြုလုပ်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကမ်းလှမ်း

**ဆိုးလ် ဇန်နဝါရီ ၁**

တောင်ကိုးရီးယားနိုင်ငံနှင့် အထက်တန်းပုဂ္ဂိုလ်အဆင့် ဆွေးနွေးပွဲပြုလုပ်လိုကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ဇန်နဝါရီ ၁ ရက်တွင် ကမ်းလှမ်းလိုက်သည်။

မြောက်ကိုရီးယားခေါင်းဆောင်၏ ကမ်းလှမ်းချက်သည် ကိုရီးယားနှစ်နိုင်ငံအကြား သမိုင်းဝင်ထိပ်သီးဆွေးနွေးပွဲတစ်ရပ် ကျင်းပရန် လမ်းဖွင့်ပေးသည်။ ကင်သည် နှစ်သစ်ကူးနှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားရာတွင် ယင်းသို့ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်း၌ ၂၀၀၇ ခုနှစ်က အထက်တန်းပုဂ္ဂိုလ်အဆင့်ဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့ချိန်နောက်ပိုင်း ကိုရီးယားနှစ်နိုင်ငံအကြား ပထမဆုံးအကြိမ် ဆွေးနွေးပွဲကျင်းပရန် လမ်းပွင့်သွားပြီဖြစ်ကြောင်း တောင်ကိုရီးယားသတင်းဌာနများက သတင်းထုတ်ပြန်သည်။

**ပီတီအိုင်။**

## ပြည်တွင်းရေးရာ

# နေပြည်တော်ကောင်စီနယ်မြေအတွင်း စက်ရေတွင်းများဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် လယ်ဝေးမြို့နယ် ခါးမကျ-စမ်းကလေးရိစာလမ်းဖွင့်ပွဲ၊ ရွှေကျင်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲ၊ တလုပ်ပင်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲနှင့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ရန်အောင်မြင်ကျေးရွာ၌ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



နေပြည်တော် လယ်ဝေးမြို့နယ် ခါးမကျ-စမ်းကလေး ရိစာလမ်းဖွင့်ပွဲ အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးထားမှုအခြေအနေများအား ရှင်းလင်းအမှာစကားပြောကြားပြီး လယ်ဝေးမြို့နယ် ခါးမကျ-စမ်းကလေးရိစာလမ်းသစ်အား နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမျိုးအောင်တို့မှ ရိစာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များနှင့် ဧည့်သည်တော်များသည် လယ်ဝေးမြို့နယ် ရွှေကျင်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ရွှေကျင်ကျေးရွာစက်ရေတွင်းအား နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ကော်မတီဝင် ဦးအောင်ကျော်ငြိမ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းတို့မှ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များနှင့် ဧည့်သည်တော်များသည် လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာ စက်ရေတွင်း၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ စက်ရေတွင်းတို့အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် စက်ရေတွင်းများမှ ရေများထွက်ရှိနေမှုနှင့် ကျေးရွာနေပြည်သူများမှ သောက်သုံးရေများ လာရောက်ခပ်ယူနေမှုအား ကြည့်ရှုအားပေးကြသည်။**(အပေါ်ပုံ)**

ယနေ့ဖွင့်လှစ်သည့် လယ်ဝေးမြို့နယ် ခါးမကျ-စမ်းကလေးလမ်းသည် အရှည်ပေ ၅၀၀၀ အကျယ် ၁၄ ပေရှိပြီး ကျေးရွာနေပြည်သူများ အနေဖြင့် သွားလာရန်ခက်ခဲသည့်အတွက် ရိစာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ တလုပ်ပင်ကျေးရွာ၊ ရွှေကျင်ကျေးရွာနှင့် ရန်အောင်မြင်ကျေးရွာ စက်ရေတွင်းများသည် အနက်ပေ ၃၆၀ နှင့် ၃၈၀ ပေရှိ ၄ လက်မတွင်းများဖြစ်ပြီး တစ်နာရီ ရေထွက်နှုန်းမှာ ဂါလန် ၁၂၀၀ ဖြစ်ကြောင်း၊ (၇×၅×၇) ပေရှိ ရေစက်ရုံတည်ဆောက်ပေးထားပြီး 12 Hp Engine and 3.5" x 3 compressor တို့ကို တပ်ဆင်ပေးထားကြောင်းနှင့် ရေဂါလန် ၁၂၀၀ ဆံ့ အုတ်ရေကန်တစ်ကန်ပါ ဆောင်ရွက်ပေးထားကြောင်း ထိုသို့ ပြည်သူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာနေပြည်သူများမှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ သန့်ရှင်းသော သောက်သုံးရေများ ရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**




**စာအုပ်စာပေ**
**လူ့မိတ်ဆွေ**

# ဘိုကလေးမြစ်ကူးတံတားဖွင့်လှစ်

**ဘိုကလေး ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဧရာဝတီလမ်းကွန်ရက် လမ်းသုံးလမ်းဆုံရာနေရာတွင် ဘိုကလေးမြစ်ကူးတံတားဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်ကကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်တို့က အမှာစကားပြောကြားကြသည်။

ဘိုကလေးနှင့် သာပေါင်းကျေးရွာများကို ဆက်သွယ်တည်ဆောက်ထားသည့် ဘိုကလေးမြစ်ကူးတံတားကို ၁-၇-၂၀၁၀ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၇-၁၂-၂၀၁၄ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ ပင်မတံတားအရှည် ၂၁၀၆ ပေနှင့် ချဉ်းကပ်တံတားများအပါအဝင် အရှည် ၄၀၀၅ ပေ သုံးလက်မရှိ သံပေါင်တံတားကြီးဖြစ်ပြီး ယာဉ်သွားလမ်း အကျယ် ၂၈ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီရှိသည်။ ရေလမ်းကင်းလွတ်အကျယ်မှာ ပေ ၃၀၀ နှင့် ရေလမ်းကင်းလွတ်အမြင့် ၃၆ ပေရှိ တံတားအဖြစ် တည်ဆောက်ပေးခြင်းဖြစ်ပါသည်။ ဘိုကလေးမြစ်ကူးတံတားကြီး၏ အုတ်မြစ်အမျိုးအစားမှာ အချင်း ငါးပေရှိ ဘိုးပိုင်အမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ မော်တော်ယာဉ် တစ်စီးချင်းအတွက် ၇၅ တန်ဖြစ်သည်။

ထိုကဲ့သို့ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် မြန်မာပြည်အနှံ့အပြားသို့ ကုန်းလမ်းခရီးဖြင့် အလွယ်တကူ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**



# ဒေသဆိုင်ရာဧည့်လမ်းညွှန်(အခြေခံ)သင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁**

ဒေသဆိုင်ရာဧည့်လမ်းညွှန်(အခြေခံ) သင်တန်းအမှတ်စဉ် (၁၁/၂၀၁၄) သင်တန်းဖွင့်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ အင်းစာပေယဉ်ကျေးမှုခန်းမတွင် ဖွင့်လှစ်ခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ သင်တန်းကာလမှာ လေးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၁၂၀ တက်ရောက်ကြောင်း သိရှိရသည်။

အခမ်းအနားတွင် အင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ညောင်ရွှေမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေတို့က ဒေသတွင်းရှိ လူငယ်မောင်မယ်များအား အလုပ်အကိုင်ရရှိရေးအတွက် ယခုကဲ့သို့ ဒေသဆိုင်ရာဧည့်လမ်းညွှန်သင်တန်းကို လာရောက်ပို့ချပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၃၀ ရက်တွင် ညောင်ရွှေမြို့ ဟူပင်ဟိုတယ်၌ ညောင်ရွှေဒေသရှိ ဟိုတယ်လုပ်ငန်းရှင်များ၊ ပို့ဆောင်ရေးအသင်း၊ ဧည့်လမ်းညွှန်အသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒီဇင်ဘာ ၂၉ ရက်က Inle Princess Resort Hotel မီးလောင်မှုနှင့်ပတ်သက်ပြီး နောင်အလားတူဖြစ်စဉ်များ မဖြစ်ပေါ်စေရေးနှင့် အခြားသောခရီးသွားလုပ်ငန်းကို ထိခိုက်စေသောအုပ်ချုပ်မှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**







# လွတ်လပ်ရေးကြိုးပမ်းမှု – ဂီတသမိုင်းအကျဉ်း

တက္ကသိုလ်တင်ခ

ဥရောပတိုက်မှ အရင်းရှင်နယ်ချဲ့များ ကမ္ဘာတစ်ခွင် စစ်အင်အားသုံးပြီး နယ်ချဲ့ခဲ့ကြရာ ကမ္ဘာမြေပြင်၏ ၇၇ ရာခိုင်နှုန်းသည် ဗြိတိသျှ၊ ပြင်သစ်၊ ဒတ်ချ်၊ ပေါ်တူဂီ၊ ဘယ်လ်ဂျီယံစသည့် နယ်ချဲ့နိုင်ငံ ဒါဇင်ဝက်ခန့်၏ လက်အောက် ကျရောက်ခဲ့ရသည်။ မြန်မာနိုင်ငံသည်လည်း ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့၏ နယ်ချဲ့ကိုလိုနီနွံနစ်ပြီး ကျွန်ဖြစ်ခဲ့သည်။

တိုင်းရင်းသားစုံ၊ ဒေသစုံ၊ မြန်မာမျိုးချစ်များ၊ သူ့ကျွန်မခံ ခုခံစစ်များ ဆင်နွှဲကာ နယ်ချဲ့ဗြိတိသျှတို့ကို ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်နေကြချိန် အမျိုးသားရေး သစ္စာမဲ့သူ၊ မိမိတို့ကိုယ်ကျိုးအတွက် နယ်ချဲ့ဒူးထောက်ခစားသူ နယ်ချဲ့ အလိုတော်ရိများကို မျိုးချစ်စာဆိုကြီး အချုပ်တန်းဆရာဖေက တေးတစ်ပုဒ် ရေးစပ်ရှုတ်ချခဲ့သည်။ ဤတေးထပ်ကို စိမ်းသီချင်းဖြင့် နာမည်ကြီးနေသည့် အဆိုတော်ကိုမြင့်ဆွေက သီဆိုခဲ့သည်ကို အမှတ်ရမိပါသည်။

(တေးထပ်)

**မြန်မာတွေ စည်းကမ်းဖောက်လို့**
**ထီးနန်းပျောက်ဖြစ်ပြီ။**
**မှိုးငြမ်းထောက် အသစ်မှီဘယ်**
**ညစ်ပလီလူမျိုး**
**မိပစ်၍ ဖရှောင်သွေတယ်**
**ဝှကောင်တွေ ခွေးဖြစ်ပေ့ါမျိုး။**
**မြန်မာချင်း ကြွားကြချင်**
**စားပြသွင်လူဆိုး။**
**............၊**
**............။**
**မိုက်မနော်ပြုမပေးတို့က**
**သူ့ပထွေးတော့ ခွေးသို့မဟောင်။**
**ပြောရေ့ဟဲ့ရာဇဝင်ပြောင်အောင်၊**
**စာဇင်တောင် ဦးချလို့**
**ပလူးကြပြေးကြို့ခါခါ၊**
**ခွေးသို့ပမာ**
**တွေးမိတိုင်း အရှိုးနာတယ်**
**အမျိုးသာ ဆဲချင်တော့လေး။**

နယ်ချဲ့တို့လုယူသွားသော မြန်မာ့အချုပ်အခြာအာဏာကို ပြန်လည် တိုက်ယူရန် မြန်မာလူငယ်များသည် ကျွန်မဟုတ် သခင်များဖြစ်သည်ဟု ကြွေးကြော်ကာ သခင်ဘွဲ့ခံကြသည်။ တို့ဗမာအစည်းအရုံးတည်ထောင် လှုပ်ရှားကြသည်။ မန္တလေးမှ ဂီတစာဆိုဝိုင်အမ်ဘီအေ သခင်တင်က ရန်ကုန်မှ သခင်ဘသောင်း၊ သခင်သိန်းမောင်၊ သခင်လှဘော်တို့နှင့် တိုင်ပင် ညှိနှိုင်းကာ တကောင်းအဘိရာဇာအစချီ တို့ဗမာသီချင်းကို ရေးစပ်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ် ဇူလိုင် ၂၀ ရက်က ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်တွင် တို့ဗမာသီချင်းကို အခမ်းအနားဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ လွတ်လပ်ရေး ရစကာလတွင် ဝိုင်အမ်ဘီအေသခင်တင်၏ တို့ဗမာသီချင်းသံစဉ်ကိုပင် စာသားအသစ်ပြောင်းပြီး ဆက်လက်သီဆိုခဲ့သဖြင့် အမျိုးသားသီချင်းဖြစ်လာ သည်။ ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်း ၁၉၄၈ ခုနှစ် အမျိုးသားသီချင်းကိုသာ ဆက်လက် အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ဝိုင်အမ်ဘီအေ သခင်တင်၏ တို့ဗမာသီချင်းမှ အမျိုးသားရေးမို့ ကြိုးပမ်းကြပါအပိုဒ်ကို အဆိုတော်ပြဇာတ်နှင့် ရုပ်ရှင် မင်းသား တက္ကသိုလ်မျိုးချစ်က သီဆိုခဲ့ရာ နားဆင်ကြည့်ပါဦးစို့-

အမျိုးသားရေးကြိုးပမ်းကြပါ. . . . တို့ဗမာဟေ့ . . . တို့ဗမာ. . . အော်. . . .

အမျိုးသားရေးကြိုးပမ်းကြပါ. . . တို့ဗမာဟေ့ . . . တို့ဗမာ. . .

အရှေ့ကနေဝန်းထွက်သည့်ပမာပ. . . တို့ခေတ်ကိုတော့ ရောက်ရ မည်မှာ မလွဲပါ. . .

တို့ဗမာဟေ့. . . တို့ဗမာ. . . မြန်မာပြည်တစ်ဝန်းအကုန်. . .

တို့အိမ်မှတ်ပါ. . . တို့ယာမှတ်ပါ. . . အဲဒါတို့ဗမာ. . .

လွတ်လပ်ပြီး သီဆိုခဲ့ကြသော အမျိုးသားသီချင်းတွင် အမျိုးသားရေး ကြိုးပမ်းကြပါ အပိုဒ်မှာ တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ အစချီခြေဆင်း ပိုဒ်ဖြစ်လာပါသည်။

ပြဇာတ်ဝိဇ္ဇာဟု ထင်ပေါ်ကျော်ကြားသော ဒဂုံဆရာတင်သည် အချစ်၊ အလွမ်း၊ ဇာတ်ဝင်တေးများနှင့်တကွ အမျိုးသားရေးတေးသီချင်းများ ရေးစပ်ခဲ့ သည်။ ယင်းအမျိုးသားရေးတေးများအနက်မှ အာဏာရှင်သီချင်းသည် ထိုစဉ်က လူထုအကြား ထင်ရှားသော မျိုးချစ်စိတ်လှုံ့ဆော်တေးဖြစ်သည်။ အာဏာရှင် သီချင်းမှ ကောက်နုတ်ထားသော သီချင်းတစ်ပိုဒ်ကို အဆိုတော် ချစ်စပယ်က ဤသို့ သီဆိုထားပါသည်-

ရွှေကိုယူသည်. . . ငွေကိုယူသည်. . . လူကိုယူပါသည်. . . အမျိုးပျောက် မှာ စိုးကြောက်လှပါသည်. . . ကြာလျှင်နစ်မွမ်းမည်. . . မြန်မာဘုရင် . . . မရှိလေပြီ . . . ငါတို့ဌာနီ. . . ကိုယ့်မင်း ကိုယ့်ချင်းနေချင်ပြီရှင့်. . . မညီညွတ်နိုင်ပေ. . . နှစ်လတွေကရှည် သစ်တောနဲ့ ရေနံမြေ အလီလီ. . . ဗမာ့လက်ဝယ်ချုပ်ချယ်ယူကြသည်. . . ရွှေကိုယူသည်. . . ငွေကိုယူ သည်. . . ပြီးတော့လူကိုပါယူသည်. . . အမျိုးပျောက်မှာ စိုးကြောက် ပါလှသည်. . . ကြာလျှင် နစ်မွမ်းမည်. . . မြန်မာဘုရင်. . . မရှိလေပြီ. . . ငါတို့ဌာနီ. . .

မြန်မာလွတ်လပ်ရေးကြိုးပမ်းမှုသည် အရှိန်အဟုန်မြင့်တက်လာသည်။ ဒုတိယကမ္ဘာစစ်ရိပ် သန်းလာနေချိန် တို့ဗမာအစည်းအရုံးဝင် လူငယ်သုံးဆယ် ပြည်ပသို့ စစ်ပညာလေ့လာရန် လျှို့ဝှက်ထွက်ခွာကြသည်။ စစ်ပညာစုံပြီး စစ်လက်နက်ရရှိလာလျှင် ဗြိတိသျှနယ်ချဲ့သမားကို တိုက်ထုတ်ကြရန်ဖြစ် သည်။ ပြည်ပမှ စစ်ပညာသင်ပြီး ပြန်လာသော ရဲဘော်သုံးကျိပ်သည် ဘီအိုင်အေ(ခေါ်) ဗမာ့တပ်မတော်ဖွဲ့ကာ ဗြိတိသျှတို့အား တိုက်ထုတ်ခဲ့သည်။ တို့ဗမာတပ်မတော်၏ ခေါင်းဆောင်ကား ဗိုလ်ချုပ်အောင်ဆန်းဖြစ်လေသည်။ ဂီတစာဆို သဟာယဆရာတင်က ဗမာ့သူရဲကောင်းသီချင်းရေးဖွဲ့ခဲ့ရာ တက္ကသိုလ်မျိုးချစ်သည် မြစ်ဝကျွန်းပေါ်တစ်ခွင် လှည့်ပြီး ယင်းသီချင်းကို သီဆို ဖြန့်ချိခဲ့သည်။ တက္ကသိုလ်မျိုးချစ်ပင် ပြန်လည်သီဆိုထားသည့် ဗမာ့သူရဲကောင်း သီချင်းကို အမှတ်တရ နားဆင်မှတ်တမ်းတင်ခဲ့ပေသည်။

(မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်
တကယ်ပဲ အသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာကြံစည်တယ်. . .
သူရဲကောင်းတဲ့ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်)၂. . .
ငါတို့ဗမာပြည် မိဘတိုင်းကရယ် ဗိုလ်အောင်ဆန်းလို. . .
သူရဲကောင်းတွေမွေးရမယ်. . . ငါတို့ဗမာပြည်. . . မိဘတိုင်းကကွယ်
အာဇာနည်အစစ်တွေကို. . . ရှိဖို့မွေးရမယ်. . . အော်. . .
ဘုရင့်နောင်နဲ့. . .
ရာဇာဓိရာဇ်တို့လို. . . မင်းရဲကျော်စွာ ပမာပုံနယ်
အလောင်းဘုရားတို့လိုကွယ်. . . ဗမာတိုင်း. . . ဗမာမျိုး. . .
အားကိုးလောက်ပေရဲ့. . . မကြောက်တမ်း. . . မရွံ့တမ်း. . .

ဗမာတွေအောင်ပန်း ဆွတ်ကြလေတယ်. . . (ရာဇဝင် ထုပ္ပတ္တိလည်း ရှိရမယ် . . . မော်ကွန်းလည်းထိုးလောက်တယ်. . . . မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်)၂

တိုင်းပြည်ကျိုး. . . စွန့်ခဲ့တဲ့ မျိုးဇာနည်နွယ်. . . လွတ်လပ်ဖို့တို့များကို ကျွန်တွင်းကကယ်. . . တို့ဗမာ စိုးမိုးဖို့မျှော်ကြရှာလို့. . . ပေါ်လာ တယ်. . .

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားနေချိန် မြန်မာနိုင်ငံမှ ဗြိတိသျှတို့ကို မြန်မာ့ တပ်မတော်က တိုက်ထုတ်သည်။ ဂျပန်တို့ကတစ်လှည့် ဝင်ရောက်လာသည်။ ဂျပန်တို့က မြန်မာပြည်ကို လွတ်လပ်ရေးရမည်ဟူသော ကတိဖြင့်ဝင်လာ သည်။ ကတိအတိုင်းပေးတော့ပေးပါ၏။ သို့သော် လွတ်လပ်ရေးအတုအယောင် သာဖြစ်သည်။ ထိုလွတ်လပ်ရေးစိတ်ဓာတ် ဆက်လက်ရှင်သန်ပွားများစေရန် ရည်ရွယ်ကာ ဆရာရွှေတိုင်ညွန့်ကပင် လွတ်လပ်ရေးသီချင်းရေးဖွဲ့ကာ မြန်မာတို့လွတ်လပ်ပြီ ဒို့ပြည်လွတ်လပ်ပြီဟူသော အောင်သပြေသီချင်းကို တက်ကြွစွာသီဆိုကြွေး ကြော်ခဲ့ကြသည်။ ၁၉၇၀ ပြည့်နှစ်ခန့်က မြန်မာနိုင်ငံ ဂီတကောင်စီဝင်များ စုပေါင်းသီဆိုထားသည်ကို ဤသို့ကြားကြကြောင်း ပြန်ပြောင်းသတိရစေပါသည်။

(သပြေထွန်းတဲ့ တောင်ကျွန်းဒီပါ. . . . မင်္ဂလာအခါရောက်ပြီ. . .
အောင်အတိတ်နဲ့ အောင်နိမိတ်တွေပါ ထင်ပေါ်လာပါပြီ)၂
လွတ်လပ်ရေးကို ရပြီ. . . ငါတို့စံဌာနီ မြန်မာ့အောင်ပွဲကိုနွှဲမည်. . . . အလွန်ပဲ သာယာစည်. . . အောင်ပန်းဆွတ်ကာ အောင်ဇေယျတုနဲ့ ထုထိမင်္ဂလာညီ အောင်သပြေပွဲ. . . အောင်သပြေပွဲ. . . အောင်မြေထဲမှ လွတ်လပ်ကြပါပြီ . . . .

(လွတ်လပ်ပြီ)၂. . . . ဒို့ပြည်လွတ်လပ်ပြီ. . . . အောင်သပြေကို ဆွတ်ခါတည် ကမ္ဘာအထက်တန်း လက်စွမ်းပြနိုင်မည်. . . .

၁၉၄၅ ခုနှစ် မတ် ၂၇ ရက်နေ့တွင် ဖက်ဆစ်တို့ကို မြန်မာတို့က တိုက်ထုတ်ခဲ့သည်။ ဒုတိယကမ္ဘာစစ် အစပိုင်းတွင် မြန်မာနိုင်ငံမှ ဆုတ်ခွာ ထွက်ပြေးသွားသော ဗြိတိသျှတို့သည် မြေလှန်စနစ်ဖြင့် ရိက္ခာ၊ လောင်စာ စသည်တို့ကို မီးရှို့ဖျက်ဆီး၊ လမ်းတံတားကြီးများကို ဖျက်ဆီးဖြိုချသွားခဲ့သည်။ စစ်တွင်း သုံးနှစ်သုံးမိုး အိန္ဒိယအခြေစိုက် ဗြိတိသျှလေတပ်က မြန်မာပြည် တစ်ဝန်းဝေဟင်မှ ဗုံးကြဲ၊ စက်သေနတ်ဖြင့် ပစ်ခတ်မှုကို နေ့စဉ်၊ ညစဉ် ပြုလုပ်ခဲ့ရာ ပြည်သူတို့အိုးအိမ်များ ပြိုကျခဲ့ရသည်။ ပြာကျခဲ့ရသည်။ ထို့ကြောင့် စစ်ပြီးကာလတွင် မြန်မာနိုင်ငံကို ပြန်လည်ထူထောင်ရမည်ဖြစ် သည်။ အပျော်အပါးအသုံးအဖြုန်းလျှော့ပြီး ချွေတာစုဆောင်းမှုဖြင့် နိုင်ငံကို ပြန်လည်ထူထောင်ရန် ဓာတ်ပြားသီချင်းတစ်ပုဒ်ပေါ်ထွက်လာသည်။ ယင်းသီချင်းကို ဂီတကောင်စီဝင်များစုပေါင်းကာ ဤသို့ သီဆိုထားသည်ကို အမှတ်ရစေပါသည်။

(လူထုအားကို. . . အများကြီးလိုသည်. . . . ဗိုလ်ချုပ်အစိုးရ အချိုးကျ ကူညီ. . . . တိုင်းရင်းသားများသည်. . . ရိုင်းပင်းကြရမည်. . . ငွေဝင် ကောင်းအောင် အကြောင်းရင်းရှာမည်. . . . ငွေထွက်နည်းဖို့ အမြဲပဲ ကြံစည်. . . နည်းပေးလမ်းပြမည်. . . . နည်းပေးလမ်းပြမည်)၂ နည်းနည်း တော့ အပျော်အပါးလျှော့စေချင်သည်. . . မြန်မာပြည်ထောင်စုကို ပြန်လည် ထူထောင်မှုနဲ့ပြုပြင်မည်. . .

လူထုအင်အားပြပြီး လွတ်လပ်ရေးတောင်းဆိုသံများ မိုးမြေသိမ့်သိမ့် တုန်မျှ ပွဲတင်ရိုက်ဟည်းလာခြင်း. . . လွတ်လပ်ရေးတိုက်ပွဲဝင်ခေါင်းဆောင် များ မဆုတ်မနစ်ကြိုးစားခြင်း. . . . ပင်လုံညီလာခံမှ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု အားမာန်ကြံ့ခိုင်တောင့်တင်းခြင်းတို့ကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးပြန်လည်ရရှိလာသော ပြည်ထောင်စုမြန်မာနိုင်ငံ တော်တစ်ဝန်း၌ တိုင်းရင်းသားပြည်သူတို့ လွတ်လပ်ရေးအောင်ပွဲသဘင်ကို ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲခဲ့ကြသည်။ ရန်ကုန်တွင် နိုင်ငံတော်သမ္မတအား လူငယ်ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ နိုင်ငံ့ဝန်ထမ်းများ၊ ကြည်း၊ ရေ၊ လေ တပ်မတော်သားများ စသည့် ပြည်သူလူထုက ချီတက်အလေးပြုကြ သည်။ ယင်းနိုင်ငံတော်သမ္မတ၏ ဗိုလ်ရှုခံသဘင်ကို ဂီတစာဆိုဂီတာ တင်အုန်းက တေးဖွဲ့ဂုဏ်ပြုရာ အဆိုတော်မြသက်မူက သီဆိုခဲ့သည်။ ထိုသီချင်းကို မြသက်မူကပင် ပြန်လည်သီဆိုထားသည်ကို နားဆင်ကြရင်း လွတ်လပ်ရေးပီတိရသကို ခံစားနိုင်ကြပါစေဟု ဆန္ဒပြုအမှတ်ရစေ ပါသည်။

(ထွတ်မြတ်တဲ့စံဌာနီ. . . လွတ်လပ်တဲ့မြန်မာပြည်. . . မချွတ် အစဉ်. . . လွတ်သဘင်ဆင်နွှဲခဲ့ပြီ. . . သဘင်ပွဲနွှဲညံစည်. . . မြန်မာ့ ဟန်ရေး ရှေးထုံးမပျက်အောင်. . . မုရိုးစည်မောင်း . . . ငြိမ့်ညောင်း ဝေဝေစည်. . .)၂ မင်းပေါင်းစုံစုံညီညီ. . . ဗိုလ်ရှုခံနန်းခန်းမဆီ လျှမ်းပ ကြိုင်လျှံကာနော်. . . နိုင်ငံတော်သမ္မတကြွချီ. . . အောင်လံတော်ကို အလေးပြု ကြပြီ. . . ဗိုလ်ရှုသဘင် ဆင်ယင်တဲ့ခါမီ. . . ကြည်း-ရေ-လေ စစ်သမီး မကျန်ရ မြန်မာ့တပ်မတော်စုံစုံညီ. . . ချီတက်ကာမနေး အလေးပြု ကြပြီ. . . လာလာချေပြီ. . . .

၂၀၁၅ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

နှစ်သစ်မင်္ဂလာအခါသမယတွင် Mobile King Trading Co.,Ltd ၏ ဆိုင်များတွင် လာရောက်အားပေးခဲ့ကြ သော Customer များနှင့် မိတ်ဖက်ဆိုင်များအားလုံးကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Mobile King Trading Co.,Ltd
မိသားစု




# မြန်မာ့ရိုးရာလှေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရေး ဇန်နဝါရီ ၁**

ရေးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီတို့ ကြီးမှူးကျင်းပသော (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မွန်ပြည်နယ် ရေးမြို့ ရှေးဟောင်းမြကန်သာကျုံးတော်ကြီး၌ ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး လှေလှော်ပြိုင်ပွဲကျင်းပရာ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လှေအသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်လှော်ခတ်ကြမည်ဖြစ်ရာ ဆုရရှိမည့် ပြိုင်ပွဲဝင်လှေအသင်းများကို လွတ်လပ်ရေးနေ့၌ စည်ကားသိုက်မြိုက်စွာဖြင့် မြန်မာ့ရိုးရာ လှေလှော်သဘင်ပွဲတော်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**



## သတိပေးနှိုးဆော်ချက်

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၃ နာရီခွဲတွင် ပြည်သူ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်း အတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ပြည်လမ်း အတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ပါရဂူဘွဲ့သင်တန်းသို့ ပညာသင်သုံးဦးနှင့် ဘွဲ့မယူသောသင်တန်း(Training )သို့ ပညာသင် ၁၁၂ ဦး စုစုပေါင်းပညာသင် ၁၁၅ ဦးကို ပြည်ပနိုင်ငံ ၁၂ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဒီဇင်ဘာလအတွင်း ပညာသင်ဦးရေအများဆုံးစေလွှတ်ခဲ့သည့် နိုင်ငံများမှာ အိန္ဒိယသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့ဖြစ်သည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာကာလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၃၁၁ ဦးနှင့် ဘွဲ့မယူသောသင်တန်း(Training)သို့ ပညာသင် ၂၅၄၀ ဦး စုစုပေါင်း ပညာသင် ၂၈၅၁ ဦးကို ပြည်ပနိုင်ငံ ၄၉ နိုင်ငံသို့ ပညာသင်ဆည်းပူးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားသို့ ပညာသင်စေလွှတ်ရာတွင် ၂၀၀၂ ခုနှစ်မှစ၍ ပြည်ပတွင် ပညာသင်ကြားပြီးနောက် မိခင်နိုင်ငံသို့ ပြန်လာရန် ပျက်ကွက်ပါက ပညာသင်အာမခံလျော်ကြေးငွေ ကျပ်ငါးသန်းတိတိကို ကာယကံရှင်မှသော်လည်းကောင်း၊ ၎င်း၏ဆွေမျိုးရင်းချာမှသော်လည်းကောင်း ပေးလျော်စေရန် ကတိဝန်ခံချက်တွင် လက်မှတ်ရေးထိုး၍ စေလွှတ်သည့်အစဉ်အလာကို ကျင့်သုံးခဲ့ပါသည်။ ယခုအခါ နိုင်ငံတော်သမ္မတ၏ စေတနာထားလမ်းညွှန်မှုအရ နိုင်ငံ့ဝန်ထမ်းများ၏ ပညာသင်အခွင့်အလမ်းများ ပိုမိုတိုးများလာရေး အားပေးအားမြှောက်ပြုသည့်အနေဖြင့် လည်းကောင်း၊ မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် တတ်ကျွမ်းလာသည့် ပညာဖြင့် နိုင်ငံတော်နှင့် မိခင်ဌာနကို အလုပ်အကျွေးပြုနိုင်ရေးအတွက် ရည်ရွယ်၍လည်းကောင်း၊ ဖော်ပြပါ ကတိဝန်ခံချက်လက်မှတ်ရေးထိုးရသည့် လုပ်ငန်းစဉ်ကို စမ်းသပ်ကာလအဖြစ် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက် မှ ဒီဇင်ဘာ ၃၁ ရက်အထိ တစ်နှစ် ကင်းလွတ်ခွင့်ပြုပေးထားပြီးဖြစ်၍ ၂၀၁၅ ခုနှစ်အတွင်း၌ နိုင်ငံခြားပညာသင်သွားရောက်မည့် နိုင်ငံ့ဝန်ထမ်းများသည် ကတိခံဝန်ချက် လက်မှတ်ရေးထိုးရန် မလိုအပ်တော့ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ထံမှ သိရသည်။

**(ကြေးမုံ)**

## ဝင့်ဝင့်ကြွားကြွား

■ တို့နိုင်ငံတွယ်မဲ့လို့
နယ်ချဲ့တို့ ကျူးကျော်ကာ
ထီးနန်းစည် ချိုးကာဖောက်တယ်
ကျိုးပျောက်ရရှာ၊
နယ်ချဲ့ဟုတ် လူ့မိစ္ဆာ
သူ့သိက္ခာ သူမမှု။
ဗိုလ်ကျကာ အနိုင်အထက်ရယ်နဲ့
ပိုင်နက်ကိုလု။

■ တို့တစ်တွေ ရုပ်သေးလုပ်
ကုပ်သွေးစုပ် အုပ်စိုးတာ၊
နယ်ချဲ့ကောင် လက်ခုပ်တွင်း
ခံပြင်းရင်နာ၊
နယ်ချဲ့ရဲ့ စရိုက်ယုတ်မာ
တိုက်ထုတ်ကာ ဖယ်ရှင်း။
နယ်ချဲ့ကို မလိုလားပါတဲ့
ရှမ်း၊ ကချင်၊ ကရင်၊ ကယားရယ်နဲ့
ချင်း၊ ရခိုင်၊ မွန်၊ ဗမာများရယ်က
အင်အားတောင့်တင်း။

■ စည်းလုံးညီ ပြည်တွင်းအားရယ်နဲ့
နယ်ချဲ့ကျား တော်လှန်၊
ဘိုးဘွားတွေ သတ္တိဖွဲ့ရယ်နဲ့
နယ်ချဲ့ကို အနိုင်ခဲကာ
အောင်ပွဲကိုခံ၊
လွတ်လပ်တဲ့ တို့နိုင်ငံ
တို့ပိုင်စံ တို့ပိုင်နက်။
ဇာတိမာန် ဖောက်ကာညွန်းတယ်။
မော်ကွန်းတည်လျက်။
မော်ကွန်းတည် လွတ်လပ်ရေး
အသက်ပေး ကာကွယ်မည်။
ကျွန်မခံ သခင်မျိုးပေမို့
နိုးကြားလှသည်။
မြန်မာဟေ့ ကမ္ဘာတည်
ဂုဏ်ရည်က ထင်ရှား။
တို့အလံ မိုးယံအမြင့်မှာလ
ဝင့်ဝင့်ကြွားကြွား။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

ရွှေဥရာစုသစ် စိန်ရွှေရတနာဆိုင်၏ "မင်္ဂလာရှိသော ၂၀၁၅ ခုနှစ်ကို ကြိုဆိုသောအားဖြင့်"

ဖုန္နင်္ဂါယာဘုရားဖူး ကံစမ်းမဲ ကုသိုလ်ပြုနေပါသည်။

ရတနာသည်သင့်အတွက်ထာဝရ

- ၁-၁-၂၀၁၅မှ၃၁-၁-၂၀၁၅ထိ စိန်ရွှေရတနာထည်များကို **အထူး** ချိုသာသော အလျော့တွက်နှုန်းထားများဖြင့် ရတနာထည်များကို **လှိုင်လှိုင်** ရောင်းပေးမည်ဖြစ်ပါကြောင်း ရတနာချစ်သူများကိုအထူးသတင်းကောင်းပေးအပ်ပါသည်။
- ၂၀၁၅ ဒီဇိုင်းအသစ် စိန်လက်ဝတ်ရတနာထည်များကို အထူးသက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေပါသည်။
- ၁၅ ပဲရည် ရွှေလက်ဝတ်ရတနာထည် **ဒီဇိုင်းအသစ်အဆန်း** များကိုလည်း အလျော့တွက်သက်သာသော နှုန်းထားများဖြင့် နှစ်သစ်လက်ဆောင်အဖြစ် ရောင်းချပေးနေပါသည်။
- အလျော့တွက် လုံးဝမပါသော **စိန်ရွှေနှံးထည်** များကိုလည်း ဆက်လက်ရောင်းချပေးနပါသည်။

ရတနာစုလိုက




သို့ကြွခဲ့ပါ။

အမှတ် (၆၈၁)၊ မဟာဗန္ဓုလလမ်း၊ ၂၃ - လမ်းနှင့် ဗိုလ်ချုပ်လမ်းကြား၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၄၉၃၄၀၁၅၈၊ ၀၉၇၃၂၀၂၅၂၂

## ပြည်တွင်းရေးရာ

❖ **ရွှေဖုံးမှ**

ချီတက်ဝင်ရောက်လာကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဇာတိမာန်တက်ကြွဖွယ် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ချီတက်အလေးပြုကြမည့် စစ်ကြောင်းများမှ ကြည်း၊ ရေ၊ လေ တပ်မတော်စစ်ကြောင်းများ၊ ဘင်ခရာတပ်ဖွဲ့ဝင်စစ်ကြောင်းများ၊ အမျိုးသား၊ အမျိုးသမီး တပ်မတော်အရာရှိစစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စစ်ကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာကိုယ်စားပြုစစ်ကြောင်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု စစ်ကြောင်းများ၊ မြန်မာနိုင်ငံကင်းထောက်တပ်ဖွဲ့ဝင်စစ်ကြောင်း၊ တပ်မတော်သံချပ်ကာ၊ အမြောက်နှင့်ယန္တရားစစ်ကြောင်းများက စစ်ကြောင်းများအလိုက် ဝတ်စုံပြည့် ချီတက်အလေးပြုလေ့ကျင့်မှုများကို အစီအစဉ်များအတိုင်း ပြုလုပ်ကြသည်။

မြေပြင်စစ်ကြောင်းများ စနစ်တကျ ချီတက်လေ့ကျင့်မှုပြုလုပ်နေစဉ် ဗိုလ်ရှုခံအခမ်းအနားကျင်းပမည့် ပရဝဏ်၏ ကောင်းကင်ယံထက်တွင် တပ်မတော်(လေ)မှ ရဟတ်ယာဉ်များ၊ တိုက်လေယာဉ်များက အုပ်စုဖွဲ့လေကြောင်းပျံသန်းမှုများဖြင့် ဗိုလ်ရှုခံအခမ်းအနားကို အလေးပြုနိုင်ရန်အတွက် လေ့ကျင့်ပျံသန်းမှုများ ပြုလုပ်ကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုများကို ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

**၂၀၁၅ ခုနှစ် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုများကို ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ ကြည့်ရှုစစ်ဆေးစဉ်။**





ဓာတ်ပုံ-သန်းဦး(လေးမျက်နှာ)



## (၁၁၂)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁**

(၁၁၂)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ၁-၁-၂၀၁၅ ရက်နေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၅၀၀)**

ဗ-၄၈၂၁၇၇

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)**

ဈ-၃၈၂၄၆၀

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ**

မ- ၅၀၁၃၀၁
ခ-၉၁၂၃၄၀

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ**

ဘ-၇၈၉၈၃၉
က-၄၀၀၇၇၂
ဝ-၄၇၄၄၈၇
ဇ-၄၂၀၃၆၈

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ**

ပ-၆၄၉၈၆၃
ဃ-၇၇၇၅၃၅
ပ-၉၈၉၂၇၁
ခ-၆၁၇၇၈၈
ဟ-၁၃၅၈၂၆

**ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ**

စ-၅၇၀၆၇၈
ဍ-၃၃၄၃၄၄
ဂ-၃၅၀၉၈၆
စ-၂၀၆၄၃၄
ဈ-၆၀၄၅၄၉
ဌ-၉၁၂၉၇၃
န-၃၇၁၀၂၃
ခ-၂၇၂၀၀၁
ကဂ-၃၈၁၀၀၃
ဆ-၆၂၆၀၄၃

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။



## ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် ပိုလ်ရှုခံအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုတွင် စစ်ကြောင်းများအလိုက် ချီတက်အလေးပြု လေ့ကျင့်နေမှုများ










## ပြည်တွင်းရေးရာ

# မြန်မာ့လယ်ယာလုပ်ငန်းခွင်တွင် အားပြည့်ကြမည့် လယ်ယာသုံးစက်ကိရိယာများ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့်တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းစေရန်အတွက် သမဝါယမဝန်ကြီးဌာနက ခုနစ်နှစ်အရစ်ကျငွေချေစနစ်ဖြင့်ရောင်းချပေးမည့်ကိုရီးယားနိုင်ငံ Daedong Co.,Ltd. ထုတ် လယ်ယာသုံးစက်ကိရိယာများတင်ဆောင်၍ ပထမအကြိမ်အဖြစ် ၂၀၁၄ ခုနှစ်ဒီဇင်ဘာလ ပထမပတ် နှင့် ဒုတိယပတ်အတွင်း ကိုရီးယားနိုင်ငံမှ ထွက်ခွာလာသည့် ကုန်တင်သင်္ဘော လေးစင်းအနက် နှစ်စင်းသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်နှင့် ဒီဇင်ဘာ ၃၁ ရက်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပြီဖြစ်သည်။ အဆိုပါ သင်္ဘောနှစ်စင်းတွင် လယ်ယာသုံးစက်ကိရိယာ ၇၄၄ စီးပါရှိလာခြင်းဖြစ်ပြီး ကျန်သင်္ဘောများလည်း ဆက်တိုက်ရောက်ရှိလာကြမည်ဖြစ်ကြောင်း သိရသည်။

ယခု ရောက်ရှိလာသော လယ်ယာသုံးစက်ကိရိယာများကို အဆိုပြုလွှာအများဆုံးပေးပို့ထားသော စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ တောင်သူများသို့ ခုနစ်နှစ် အရစ်ကျငွေချေစနစ်ဖြင့် ကြိုက်ရောင်းကြိုက်ဝယ်ရောင်းချဖြန့်ဖြူးပေးမည်ဖြစ်ပြီး ကျန်ဒေသများသို့လည်း ဆက်လက်ဖြန့်ဖြူးပေးသွားရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

သမဝါယမဝန်ကြီးဌာနအစီအစဉ်ဖြင့် အရစ်ကျရောင်းချပေးသည့် လယ်ယာသုံးခေတ်မီစက်ကိရိယာများကို လယ်ယာလုပ်ငန်းများတွင် ထိရောက်တွင်ကျယ်စွာ အသုံးပြုကြခြင်းဖြင့် လယ်ယာထုတ်ကုန်များ တိုးတက်လာမည်သာမက လယ်ယာလုပ်သားရှားပါးမှု၊ စရိတ်ကြီးမြင့်မှုတို့ကို ကျော်လွှားကာ လယ်သမားများ၏ လူမှုဘဝတိုးတက်မြင့်မားလာနိုင်တော့မည်ဖြစ်ကြောင်း သမဝါယမကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

# မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် သက်တမ်းတိုးဆောင်ရွက်မည်

**နေပြည်တော် ဇန်နဝါရီ ၁**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | လယ်ဝေး |
| ၂။ | ကချင်ပြည်နယ် | တနိုင်း၊ မိုးကောင်း |
| ၃။ | ကရင်ပြည်နယ် | ဖာပွန် |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ချောင်းဦး၊ မြောင်၊ ကွန်းလှ၊မြို့သစ် |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | တနင်္သာရီ |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ပေါင်းတည်၊ မိုးညို |
| ၇။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ နတ်မောက်၊ ရေစကြို၊ ပွင့်ဖြူ၊ အောင်လံ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ် |
| ၉။ | မွန်ပြည်နယ် | မုဒုံ |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး၊ ဒလ |
| ၁၂။ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ နောင်ကား၊ မိုင်းပျဉ်း၊ တာလေ |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | လပွတ္တာ၊ နေ့ဖြူ၊ ဖျာပုံ၊ အင်္ဂပူ |

**(ကြေးမုံ)**

# ဘားအံမြို့၌ သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်း

**ဘားအံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ် ဘားအံမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၏ ပထမအကြိမ် သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီ၌ ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်ဝတ်ရည်ထူးက သားဖွားသင်တန်းကျောင်းသူ ၃၃ ဦးအား သူနာပြုဒီပလိုမာအောင်လက်မှတ်များ အပ်နှင်းပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**






# သုံးမြွှာပူးမွေး မိခင်အား ငွေကျပ် ငါးသိန်းထောက်ပံ့

**ဖျာပုံ ဇန်နဝါရီ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ သုံးမြွှာပူးမွေးမိခင်အား ထောက်ပံ့ငွေပေးအပ်ခြင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီတွင် ဖျာပုံခရိုင် ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာအေးက ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာနေ သုံးမြွှာပူးမွေး မိခင်ဖြစ်သူ ဒေါ်ဇင်မာလွင်အား ထောက်ပံ့ငွေကျပ် ငါးသိန်းတိတိ ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါ မိန်းကလေးသုံးမြွှာပူးကို ဒီဇင်ဘာ ၃၀ ရက်တွင် ဖျာပုံခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စိန်စိန်၊ သားဖွားမီးယပ်အထူးကု ဆရာဝန် ဒေါက်တာဒေါ်ဆွေဆွေလှိုင်နှင့် ဆရာဝန် ဆရာမများက အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး မွေးဖွားစရိတ်ကိုလည်း ဖျာပုံခရိုင်ဆေးရုံက အကုန်ကျခံ၍ အခမဲ့မွေးဖွားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



ဖျာပုံမြို့နယ် ဇင်းဘောင်ကျွန်းပတ်တာအတွင်းရှိ ဓမင်းဆိပ်ရေတံခါးသို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ ခရိုင်ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်နှင့် အဖွဲ့သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက ဓမင်းဆိပ်ရေတံခါး တည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစဉ်။

(သပြေထွန်း)

# လူမှုဖူလုံရေးဥပဒေနှင့်အညီ အာမခံအလုပ်သမား နှစ်ဦးအား ငွေလုံးငွေရင်းအကျိုးခံစားခွင့်ပေးအပ်

**သထုံ ဇန်နဝါရီ ၁**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန သထုံမြို့နယ် လူမှုဖူလုံရေးရုံးမှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်အကိုင်ထိခိုက်ဒဏ်ရာရမှုကြောင့် အမြဲတမ်းမသန်စွမ်းမှုခံစားနေသည့် အာမခံအလုပ်သမားနှစ်ဦးအား ငွေလုံးငွေရင်းအကျိုးခံစားခွင့်ပေးအပ်ခြင်း အခမ်းအနားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းက လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိသူ ဦးတင်ဖြိုးအောင်၏ကိုယ်စား ဧရာဝတီဘဏ်မှတာဝန်ရှိသူ တစ်ဦးအား ငွေကျပ် ၅၀၈၂၀၀ နှင့် လူမှုဖူလုံရေးရုံးချုပ်မှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန်းက ငွေလုံးငွေရင်းအကျိုးခံစားခွင့်ရရှိသူ ဦးရန်နိုင်လင်းအား ငွေကျပ် ၁၅၅၂၃၂၀ တို့ကို ပေးအပ်ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်

**မော်လမြိုင် ဇန်နဝါရီ ၁**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မော်လမြိုင်မြို့နယ် ဖဲထော်ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းအား FAO မှ တာဝန်ရှိသူများနှင့် မြို့နယ်ဦးစီးမှူး ဦးချစ်ငွေတို့သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ နောက်ဆုံးပတ်က သွားရောက်ပြီး ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းအကောင်အထည်ဖော် နေမှုများနှင့်တွေ့ကြုံရသည့် အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**






# သာမညတောင်ဆရာတော်ကြီး၏ သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့နိုင်ရေး ပြန်လည်ပြုပြင်ထိန်းသိမ်းလျက်ရှိ



**ဘားအံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညကျေးရွာ သာမညတောင်ပေါ်တွင် သာမညဆရာတော်ကြီး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ တည်ဆောက်ပေးခဲ့သည့် သာသနိကအဆောက်အအုံများ တောင်ပေါ်ပတ်လည် မြေသားနံရံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို သာမညတောင် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ခေမိက (ပြည်လုံးချမ်းသာကျောင်း)က ဒီဇင်ဘာလ နောက်ဆုံးပတ်မှစတင်ကာ ဦးဆောင်ပြုပြင်လျက်ရှိကြောင်း သိရသည်။

"ဆရာတော်က တခြားလုပ်ငန်းတွေကို ခေတ္တရပ်ဆိုင်းပြီး လက်ရှိဆွမ်းချက်ရုံ အောက်ခြေမြေသားနံရံတွေ မိုးရေတိုက်စားထားလို့ အန္တရာယ်မဖြစ်ခင် အမြန်ဆုံးပြုပြင်မယ်ဆိုပြီး ပြုပြင်နေကြတာပါ။ ဒီဆွမ်းချက်ရုံကြီးက ကျေးဖူးရှင် ဆရာတော်ကြီး ရှိစဉ်ကတည်းက ဘုရားဖူးလာ သံဃာတွေ၊ ပြည်တွင်းပြည်ပ၊ ရပ်နီးရပ်ဝေး ဧည့်သည်တွေကို ချက်ပြုတ်ကျွေးမွေးနိုင်အောင် တည်ဆောက်ပေးခဲ့တာ နှစ်ပေါင်း ၃၀ ကျော်ရှိပြီး ရာသီဥတုဒဏ် မိုးရေတိုက်စားတဲ့ဒဏ်တွေကြောင့် ပြန်လည်ပြုပြင်ရတော့မယ်လေ၊ ရေရှည်တည်တံ့နိုင်အောင် အကောင်းဆုံးပြုပြင်သွားကြမှာပါ" ဟု လက်ရှိဆောင်ရွက်နေသည့် အခြေအနေများကို ရပ်မိရပ်ဖတစ်ဦးဖြစ်သည့် ပအို့ဝ်တိုင်းရင်းသား ဦးခင်မောင်က ပြောသည်။

ယခုပြုပြင်လျက်ရှိသည့် မြေသားနံရံထိန်း ကွန်ကရစ်လောင်း ကျောက်စီခြင်း လုပ်ငန်းအတွက် သဲကျင်း(၁၀၀) ကျော်၊ ကျောက်ကျင်း(၂၀၀)ကျော်၊ ဘိလပ်မြေအိတ် (၅၀၀/၆၀၀)ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ သာမညကျေးရွာရှိ ဒေသခံတိုင်းရင်းသားများက နေ့စဉ် ကုသိုလ်ပြုလုပ်အား ဒါနများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**(ယာပုံ)**

သာမညတောင် ဆရာတော်ကြီးရှိစဉ်က ဘုရားဖူးဧည့်သည်များ အဆင်ပြေစိတ်ချမ်းမြေ့စွာ တည်းခိုနိုင်ရေးအတွက် အမြဲဆုံးမမိန့်မှာကြားချက်အရ ယခုအခါ တောင်ပေါ်၊ တောင်အောက်ရှိ သာသနိက အဆောက်အအုံများ၊ စားသောက်ရေးအတွက် ဆွမ်းစားဆောင်တို့ကို ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိပြီးဖြစ်ကာ ဆွမ်းစားဆောင်တွင် နေ့စဉ် အာဟာရဒါန ထမင်း၊ ဟင်းများကို သက်သတ်လွတ်ဟင်းဖြင့် ကျွေးမွေးပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

# ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးသူများ သက်သေခံပစ္စည်းနှင့်အတူ သိမ်းဆည်းရမိ

**ပခုက္ကူ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ စီမံချက်နှင့်အညီ ငါးသယံဇာတထိန်းသိမ်းရေးနှင့် ငါးမျိုးစိတ်များ တိုးပွားရေး၊ တရားမဝင်ငါးဖမ်းဆီးမှုများ ပပျောက်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲက ပခုက္ကူမြို့နယ် ကွန်းရွာအင်းအတွင်း တရားမဝင် ဘက်ထရီရှော့တိုက် ငါးဖမ်းနေသူ နှစ်ဦးနှင့်အတူ ၁၈ တောင် အင်ဂျင် ရှပ်တန်းပါ စက်လှေတစ်စင်း၊ ၁၂ ဗို့ဘက်ထရီအိုး နှစ်လုံး၊ ငါးဖမ်းကော် တစ်ခု၊ ရှော့တိုင် နှစ်ချောင်း၊ ဟန်းဆက် တစ်လုံး၊ ဓား၊ လေးခွ၊ လောက်စာလုံး၊ မူလီပြုတ်နှင့် ငါးမျိုးစုံ သုံးပိဿာကျော် ခန့်တို့အား ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်စန်းဝင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ငါးသယံဇာတထိန်းသိမ်းရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဖမ်းဆီးရမိသဖြင့် ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ (၄၅)အရ တရားစွဲဆိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်(မန်းတက္ကသိုလ်)**



# မြန်မာ-ကိုရီးယား အပြည်ပြည်ဆိုင်ရာသစ်လုပ်ငန်းမှ စာရေးကိရိယာ လှူဒါန်း

**ရေတာရှည် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ရှိ မြန်မာ-ကိုရီးယား အပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်း MKTI SUNCHAN FAMILY အထပ်သားစက်ရုံမှ ဆွာမြို့အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများနှင့် ကွန်ပျူတာခန်းပြုပြင်ရန်အတွက် ကျပ်သိန်း ၆၀ တန်ဖိုးရှိ ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲက အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။




အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ရီက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အထပ်သားစက်ရုံမှ Director Mr. Tae I1 Lim က ကလေးသူငယ်များသည် ကျွန်တော်တို့ အနာဂတ်အတွက် မျှော်လင့်ချက်နှင့် အခွင့်အလမ်းများ ကောင်းစေဖို့ ရည်ရွယ်ချက်ဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈၉၁ ဦး အတွက် ကျောင်းသုံးပစ္စည်း ၅၂ သိန်း ကျောင်းသုံး ကွန်ပျူတာခန်းပြုပြင်ရန်အတွက် အလှူငွေကျပ် ရှစ်သိန်းတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ် တိုးဂိတ်အနီးတွင် လားရှိုးမှ မန္တလေးဘက်သို့ ဇမ်းထောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ရှေ့ခွကြားရှိကျောပိုးအိတ် ဆိုင်ကယ်နောက်ရှိ ကလေးကစားသည့် ဘောစကိတ်အပေါ် အံဝှက်နှင့် ဆိုင်ကယ်အောက်အံဝှက်အတွင်းတို့မှ ဘိန်းဖြူဆပ်ပြာခွက် ၁၃ ခွက် စုစုပေါင်း ဘိန်းဖြူမှုန့် အလေးချိန် ၁၆၉ ဂရမ် သိမ်းဆည်းရမိသဖြင့် ဇမ်းထောင်(၄၄)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၂၉ ရက်က လဲချားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လဲချားမြို့ ရပ်ကွက်(၂) ဗိုလ်ချုပ်လမ်းရှိ "အောင်သီရိ"တည်းခိုခန်း အခန်းအမှတ်(၁)သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ စိုင်းမြင့်မောင်နှင့် မနန်းနွမ်းတို့ နှစ်ဦးအား တွေ့ရှိပြီး အိပ်ခန်းကုတင်ပေါ်ရှိ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀ သိမ်းဆည်းရမိသဖြင့် စိုင်းမြင့်မောင်(၃၇)နှစ်နှင့် မနန်းနွမ်း(၃၀)နှစ်တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဦးထွန်းလင်းရိပ်သာလမ်း၊ တိုက်အမှတ်(၁၈)ဟုခေါ်တွင်သော သပြေညို-၁၊ ၄-ခန်းတွဲ၊ (၇)ထပ်တိုက် အဆောက်အအုံ၏ စတုတ္ထထပ်(၅)လွှာ၊ B-ခြမ်းရှိ ဧရိယာပေ(၂၀×၆၀)ခန့်ရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်တိုးတိုးရီ[၁၂/ကမတ(နိုင်)၀၄၃၆၀၈]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးသောင်းညွန့်(ဆင်ဖြူကျွန်း) **B.Sc, MPA,R.L**
တရားလွှတ်တော်ရှေ့နေ
(စဉ်-၅၃၅၆)
အမှတ်-၆၀၃/အေ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ဖုန်း-၀၉-၂၅၄၀၀၇၃၂၃၊ ၀၉-၇၉၅၉၁၇၉၅၉

## တစ်ချက်တည်းကျင်းဝင်

ဦးစိုးလှိုင်(ခ)ဦးကွေ့(ဥက္ကဋ္ဌ၊ Taunggyi Gem Master Co.,Ltd) သည် ၂၇-၁၂-၂၀၁၄ ရက်က အောင်ပန်းမြို့၊ ပင်မို Golf Club ကျင်းအမှတ်(၂)၌ Homa PW တုတ်ဖြင့် Srixon(3) ဂေါက်သီးရိုက်ကစားခဲ့ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ပါသည်။

ဦးစိုးလှိုင်(ခ)ဦးကွေ့နှင့်အတူ ဦးဝင်းကြိုင်၊ ဦးခင်မောင်၊ ဦးဝင်းမင်းဦး၊ ဦးမြင့်ဟန်တို့ တွဲဖက်ကစားခဲ့ကြောင်း သိရသည်။

## အားကစား

ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်ကို စတင်ဝင်ရောက်လို့လာခဲ့ပါပြီ။ ယခုဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ ကစားသမား ၅၀ ခန့်အထိ ပြောင်းရွှေ့ကစားမယ်ဆိုတဲ့သတင်းတွေထွက်ပေါ်နေခဲ့ပါတယ်။ အဆိုပါ ကစားသမားထဲကနေ ကစားသမားအချို့ကို ကနဦးဖော်ပြပေးလိုက်ပါတယ် . . . . .

# ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်ထဲက စောင့်ကြည့်ရမယ့် ကစားသမားများ(၂)

နိုင်လင်းကြည်

**ဝဲလ်ဟူ့ချ်**
**(ဒါဘီကွင်းလယ်ကစားသမား)**

အသက်(၁၉)နှစ်အရွယ် အင်္ဂလန်လူငယ်ကြယ်ပွင့် ဝဲလ်ဟူ့ချ်ဟာ အင်္ဂလန်အသက်(၂၁)နှစ်အောက်အသင်းမှာ ခြေစွမ်းကောင်းတွေပြသနိုင်ခဲ့တဲ့ ကစားသမားတစ်ဦး


ဝဲလ်ဟူ့ချ်

ဖြစ်တဲ့အပြင် (၂၁)နှစ်အောက်အသင်းအတွက်လည်း မရှိမဖြစ်တဲ့ ကစားသမားတစ်ဦးပါ။

ဒါကြောင့် (၂၁)နှစ်အောက် အသင်းမှာ ပုံမှန်ပွဲထွက်ခွင့်ရရှိတာပါ။ အဲဒီလိုစွမ်းဆောင်ရည်ရှိနေတာကြောင့် ဒါဘီအသင်းက စာချုပ်သစ်ချုပ်ဆိုဖို့ စီစဉ်ထားပေမယ့် ကွင်းလယ်အားဖြည့်ဖို့စီစဉ်နေတဲ့ လီဗာပူးအသင်းက ခေါ်ယူဖို့ ပြင်ဆင်နေတာပါ။

**ဘာလော့တယ်လီ**
**(လီဗာပူးတိုက်စစ်မှူး)**

လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာဟာ ဘာစီလိုနာအသင်းကို ပြောင်းရွှေ့သွားတဲ့ တိုက်စစ်မှူး ဆွာရတ်ဇ်နေရာကို အစားထိုးဖို့ ပြဿနာရှာတတ်တဲ့ အီတလီတိုက်စစ်မှူး ဘာလော့တယ်လီကို အန်ဖီးလ်အရောက် ခေါ်ယူခဲ့ပါတယ်။ ဒါပေမယ့် ရော့ဂျာထင်ထားတဲ့အတိုင်းဖြစ်မလာခဲ့ပါဘူး။ အခုလည်း ပရီမီယာလိဂ်မှာ လီဗာပူးအတွက် ဆွာရတ်ဇ်လောက်ဂိုးမသွင်းနိုင်သေးတာက သက်သေပါ။ ဈေးချိုချိုနဲ့ရတဲ့ ပြဿနာကစားသမားလို့တောင် ဘောလုံးကျွမ်းကျင်သူတွေက ဝေဖန်ထားပါတယ်။


ဘာလော့တယ်လီ

ဒါကြောင့် ဘာလော့တယ်လီအနေနဲ့ အသင်းဟောင်းအင်တာမီလန်ကို ပြန်ဖို့တောင်စဉ်းစားနေတယ်။ ဒါတင်မကဘဲ နာပိုလီအသင်းနည်းပြ မန်စီနီကလည်း ခေါ်ယူဖို့ စီစဉ်ထားပါတယ်။

**ရော်ဘီကိန်း**
**(အယ်လ်အေဂလက်ဆီတိုက်စစ်မှူး)**

ရော်ဘီကိန်းဟာ မေဂျာလိဂ်ရဲ့ ၁၉ နှစ်တာသမိုင်းမှာ အကောင်းဆုံးတိုက်စစ်မှူးအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသူဖြစ်တယ်။ အယ်လ်အေဂလက်ဆီအသင်းနဲ့အတူ ဘောလုံးရာသီ လေးရာသီနီးပါး ပါဝင်ကစားပေးခဲ့ရာမှာ အခုနှစ်ဘောလုံးရာသီအပါအဝင် မေဂျာလိဂ်ဖလားသုံးကြိမ်ရယူဆွတ်ခူးပေးနိုင်ခဲ့ပြီး မေဂျာလိဂ်ရဲ့ ၂၀၁၄ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်တယ်။

ဒါကြောင့် အသက်အရွယ်အရ (၃၄) နှစ်ရှိနေပြီဖြစ်ပေမယ့် ပရီမီယာလိဂ်ကလပ် ကျူပီအာအသင်းက အခုအပြောင်းအရွှေ့မှာ ခေါ်ယူမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေတာပါ။

**ဂျာမိန်းဒီဖိုး**
**(တိုရွန်တိုအက်ဖ်စီတိုက်စစ်မှူး)**

တိုက်စစ်မှူး ဂျာမိန်းဒီဖိုးဟာ တိုရွန်တိုအက်ဖ်စီအသင်းအတွက် ၁၁ ဂိုး သွင်းယူပေးထားနိုင်ခဲ့ပေမယ့် အခု ဘောလုံးရာသီရဲ့ မေဂျာလိဂ်နောက်ဆုံး ၁၈ ပွဲမှာ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။

ဒါကြောင့် ဩဂုတ်လအတွင်းက အသင်းပြောင်းရွှေ့မယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်ခဲ့ပါတယ်။ ဒါပေမယ့် အောင်မြင်မှုမရှိခဲ့ပါဘူး။ လက်ရှိမှာတော့ ဂျာမိန်းဒီဖိုးကို ပရီမီယာလိဂ်ကလပ် ကျူပီအာအသင်းက ခေါ်ယူဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။

**ခရစ်ကွန်မွန်း**
**(ဆဲလ်တစ်တိုက်စစ်မှူး)**

ခရစ်ကွန်မွန်းဟာ လက်ရှိပီအက်ဖ်အေရဲ့ တစ်နှစ်တာစကော့တလန်အကောင်းဆုံးကစားသမားဆုကို ရရှိထားသူပါ။ ပြီးခဲ့တဲ့ရာသီက ဆဲလ်တစ်အသင်းနဲ့အတူ ၃၂ ဂိုးစံချိန်


ရော်ဘီကိန်း

သွင်းယူပေးနိုင်တာကြောင့် စကော့တလန်ပြည်တွင်းလိဂ်ဖလားကိုလည်း ရယူပေးနိုင်သူပါ။

ဒါကြောင့် နွေရာသီမှာ စာချုပ်သက်တမ်းကုန်ဆုံးမယ့် ခရစ်ကွန်မွန်းကို စာချုပ်သစ်ချုပ်ဆိုဖို့ ဆဲလ်တစ်အသင်းသဘောတူညီမှုရရှိထားပါတယ်။ သက်တမ်းရှည်စာချုပ်တစ်ရပ် ဖြစ်လာမလားဆိုတာ တိတိကျကျမသိရသေးခင်မှာဘဲ ခရစ္စတယ်ပဲလေ့၊ လက်စတာစတဲ့အသင်းတွေက ခေါ်ယူဖို့ချိတ်ဆက်မှုတွေ ပြုလုပ်နေတယ်ဆိုတဲ့ သတင်းတွေထွက်လာပါတယ်။


ခရစ်ကွန်မွန်း

စပိန်လာလီဂါပွဲစဉ် ၁၇ ကို ဇန်နဝါရီ ၃၊ ၄၊ ၅၊ ၆ ရက်တွေမှာ ယှဉ်ပြိုင်သွားဖို့ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်တွေထဲမှာ ရီးယဲလ်မက်ဒရစ်ဟာ ဗလန်စီယာကွင်းမှာ ကစားရမှာဖြစ်လို့ နိုင်ပွဲဆက်နိုင်ပါ့မလားဆိုတာ စောင့်ကြည့်သွားရမှာပါ . . . . .

# စပိန်လာလီဂါ ရင်ခုန်သံ (၁၇)

ရှိုင်း မင်း မင်း

**အက်သလက်တီကို - လီဗန်တေး 3-1-15 9:30 PM**

ခံစစ်ပိုင်းအားပျော့နေတဲ့ လီဗန်တေးအနေနဲ့ အက်သလက်တီကိုရဲ့ အိမ်ကွင်းထိုးစစ်အားကို ထိန်းချုပ်နိုင်ဖို့ဆိုတာ ခက်ခဲမှာသေချာပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် အက်သလက်တီကို အမှားခံမှာမဟုတ်ဘူး။ အက်သလက်တီကိုပဲ အနိုင်ရသွားပါလိမ့်မယ်။

**ဂီတာဖေး - ဗယ်လီကာနို 4-1-15 5:30 PM**

ဗယ်လီကာနိုက ခြေစွမ်းတည်ငြိမ်မှုအားနည်းတယ်။ ဂီတာဖေးကလည်း နောက်ဆုံး ငါးပွဲဆက် အနိုင်မရခဲ့ဘူး။ ဒါပေမယ့် အိမ်ကွင်းမှာ ဘာစီလိုနာကို သရေကစားနိုင်ခဲ့တဲ့ ဂီတာဖေးရဲ့ အိမ်ကွင်းခြေစွမ်းကိုတော့ လျှော့တွက်ဖို့ ခက်တယ်။ ဂီတာဖေးကပ်နိုင်သွားမယ်။

**ဆီဗီလာ - ဆယ်တာဗီဂို 3-1-15 11:30 PM**

ဆယ်တာဗီဂိုက ငါးပွဲဆက် အရှုံးနဲ့ ခြေစွမ်းကျနေတယ်။ ဆီဗီလာက အိမ်ကွင်းဖြစ်တာကြောင့် အမှားခံမှာ မဟုတ်ဘူး။ ခြေစွမ်းအရလည်း ဆီဗီလာကပိုကောင်းနေတာကြောင့် အိမ်ကွင်းမှာဆီဗီလာပဲ အနိုင်ရသွားပါလိမ့်မယ်။

**ဗလန်စီယာ - ရီးယဲလ်မက်ဒရစ် 4-1-15 10:30 PM**

ရီးယဲလ်က ခြေစွမ်းပိုင်းအထူးကောင်းမွန်နေပေမယ့် ဗလန်စီယာက အခုနောက်ပိုင်းမှာ ကစားပုံပြန်လည်ကောင်းမွန်လာပြီး ခံစစ်ကစားပုံလည်း ကျစ်လစ်မှုရှိတယ်။ အထူးသဖြင့် ဗလန်စီယာဟာ အိမ်ကွင်းအရှုံးတစ်ပွဲသာရှိသေးတယ်။ ရီးယဲလ်ကပ်ပြီးပဲ နိုင်မယ်။

**အဲလ်ချီ - ဗီလာရီးယဲလ် 4-1-15 1:30 AM**

အဲလ်ချီက အမှတ်ပေးဇယား အောက်ဆုံးရောက်နေပြီး ခြေစွမ်းပိုင်းအားနည်းမှုတွေများပါတယ်။ အိမ်ကွင်းဖြစ်ပေမယ့် ဗီလာရီးယဲလ်ရဲ့ ထိုးဖောက်အားကို ထိန်းဖို့ခက်ပါတယ်။ ဗီလာရီးယဲလ်ပဲ ကပ်နိုင်မယ်။ ဂိုးပြတ်ဖို့တော့ ခက်ပါတယ်။

**အက်စ်ပန်ညို - အီဘား 5-1-15 1:30 AM**

အက်စ်ပန်ညိုက ကစားပုံမဆိုးသလို အီဘားကလည်း ခံကစားအားကောင်းမွန်မှုရှိတဲ့အသင်း ပါ။ ဒါပေမယ့် အက်စ်ပန်ညိုဟာ အိမ်ကွင်းမှာကစားပုံ ကောင်းမွန်တတ်ပြီး တစ်ပွဲသာ ရှုံးသေးတယ်။ ဒါကြောင့်ဒီပွဲမှာ အက်စ်ပန်ညိုအနိမ့်ဆုံးသရေရမယ်။

**ဒီပို့တီဗို - ဘီလ်ဘို 4-1-15 3:30 AM**

ဘီလ်ဘိုက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအနည်းငယ်ပြန်ကျသွားတယ်။ ဒီပို့တီဗိုကတော့ ခြေစွမ်းသာမန်သာရှိပေမယ့် တန်းမဆင်းရဖို့ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ဘူး။ ဘီလ်ဘိုတို့ အခက်တွေ့နိုင်ပြီး သရေလောက်ပဲ ကစားသွားနိုင်ဖို့ရှိတယ်။

**ဆိုစီဒက် - ဘာစီလိုနာ 5-1-15 2:30 AM**

ဆိုစီဒက်က နောက်ဆုံး ငါးပွဲမှာတစ်ပွဲသာရှုံးပေမယ့် တစ်ပွဲသာ နိုင်တာကိုကြည့်ရင် ခြေစွမ်းပိုင်းအားနည်းမှုတွေရှိတာကို မြင်သာတယ်။ အိမ်ကွင်းဆိုပေမယ့် အဲဒီခြေစွမ်းအရ ဘာစီလိုနာကိုတုံ့ပြန်နိုင်ဖို့ မလွယ်ဘူး။ အဝေးကွင်းဖြစ်ပေမယ့် ဘာစီလိုနာတို့ ဆိုစီဒက်ကို ဖိအားပေးနိုင်ပြီး နိုင်ပွဲရမှာပါ။

**မာလာဂါ - အယ်မာရီယာ 4-1-15 3:30 AM**

ဒီရာသီမာလာဂါရဲ့ ခြေစွမ်းက မဆိုးပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်အနိုင်ရခဲ့တယ်။ ဂိုးသွင်းအားနည်းတယ်ဆိုပေမယ့် အိမ်ကွင်းကစားပုံ ပိုမိုကောင်းမွန်မှုရှိတယ်။ ဒါကြောင့် အယ်မာရီယာတို့အားစိုက်ကစားနေရပေမယ့် မာလာဂါပဲ ကပ်နိုင်သွားမယ်။

**ကော်ဒိုဘာ - ဂရန်နာဒါ 6-1-15 2:15 AM**

ကော်ဒိုဘာဟာ အိမ်ကွင်းနိုင်ပွဲ မရှိသေးပါဘူး။ ဒီပွဲမှာလည်း တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ဂရန်နာဒါကို အသာရဖို့ခက်တယ်။ အထူးသဖြင့်ဂရန်နာဒါကလည်း တန်းမဆင်းရဖို့ ရုန်းကန်လာမှာဖြစ်တာကြောင့် ကော်ဒိုဘာတို့ အခက်တွေ့နိုင်ပြီး သရေလောက်ပဲကစားသွားနိုင်ဖို့ရှိတယ်။

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**


# နှစ်(၄၀)မြောက် ပတ္တမြားရတု မင်္ဂလာဆုတောင်း

ဖေဖေ ဦးမောင်မောင်အေးနှင့် မေမေ ဒေါ်ဖြူဖြူသန်းတို့၏ ၂-၁-၂၀၁၅ ရက်တွင် ကျရောက်သော ပတ္တမြားရတု မင်္ဂလာရက်မှသည် စိန်ရတုတိုင်အောင် သက်ရှည်ကျန်းမာစွာဖြင့် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ ဘာသာအကျိုး၊ သာသနာအကျိုးကို တူယှဉ်တွဲကာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးကြီး - ညီညီတာ-မေစစ်အေး၊ မေရူပရတီ၊ မေမနောရတီ
ချစ်သား - အောင်စစ်ထွေး-ယမင်းကိုကို၊ ရှင်းသန့်စစ်ထွေး၊ သုန္ဒရီစစ်သွေး
ချစ်သမီးငယ် - မေစစ်သွေး

# တပ်မတော် (လေ)
## စက်မှုလက်မှုနှင့် အုပ်ချုပ်ရေးစစ်သည်များ အလိုရှိသည်

၁။ တပ်မတော်(လေ)တွင် အောက်ဖော်ပြပါစက်မှုလက်မှုနှင့်အုပ်ချုပ်ရေးစစ်သည်များအဖြစ် အမှုထမ်းရန်လျှောက်ထားနိုင်သည်-

| ပညာသည်အုပ်စု | လိုအပ်သောပညာအရည်အချင်း |
| --- | --- |
| "က" အုပ်စု(စက်မှုလက်မှု) | - တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများဖြစ်ရမည်။<br>- အေဂျီတီအိုင်ကို စက်မှု(စွမ်းအား)၊ စက်မှု(ပုံစံပြု)၊ လျှပ်စစ်စွမ်းအား၊ အီလက်ထရွန်နစ်၊ စက်မှုအီလက်ထရွန်နစ်ဘာသာရပ်များဖြင့် အောင်မြင်ပြီးသူများအား ပညာသည်အတန်း(၁)သတ်မှတ်၍ တပ်ကြပ်ကြီးအဆင့်ဖြင့်ခန့်အပ်မည်။<br>- စက်မှုလက်မှုအထက်တန်းကျောင်း အောင်မြင်ပြီးသူများဖြစ်ရမည်။ |
| "ခ" အုပ်စု (အုပ်ချုပ်ရေး) | - အဋ္ဌမတန်းအောင် |
| "ဂ" အုပ်စု (အုပ်ချုပ်ရေး) | - စတုတ္ထတန်းအောင် |

၂။ လျှောက်ထားသူများသည် အောက်ပါအချက်များနှင့်ပြည့်စုံရမည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသား (အမျိုးသား) ဖြစ်ရမည်။
(ခ) လျှောက်ထားချိန်တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၂၅)နှစ်ထက်မကြီးစေရ။
(ဂ) အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် (၁၀၅)ပေါင်နှင့်အထက်ရှိရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ တစ်ပါးတည်းယူဆောင်လာရမည်-
(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)
(ခ) ပညာအရည်အချင်းထောက်ခံချက် (မူရင်း)။
(ဂ) မိမိနေထိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းတို့မှ လတ်တလောရယူထားသော ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက် (မူရင်း)။
(ဃ) အိမ်ထောင်စုဝင်စာရင်း (မူရင်း)။
(င) လိုင်စင်ဓါတ်ပုံ (၆) ပုံ။

၄။ ရရှိနိုင်မည့်အကျိုးကျေးဇူးများ
(က) နေအိမ်၊ ရေ၊ မီး၊ စစ်ဝတ်၊ ရိက္ခာ၊ ဆေးကုသခွင့် အခမဲ့ရရှိမည်။
(ခ) တာဝန်ဖြင့်ခရီးသွားပါက လေယာဉ်၊ မီးရထား၊ သင်္ဘောဖြင့် အခမဲ့စီးနင်းခွင့်ရှိသည်။

၅။ အနာဂတ်အခွင့်အလမ်းများ
(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးစစ်သည်များနှင့် တက္ကသိုလ်ဘွဲ့ရစစ်သည်များသည် သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ဗိုလ်လောင်းသင်တန်းခေါ်ယူသည့်အခါ ဗိုလ်လောင်းသင်တန်းလျှောက်ခွင့်ပြုမည်။
(ခ) လေယာဉ်သားလုပ်ငန်းများဖြစ်သော လေကြောင်းအချက်ပြ၊ လေကြောင်းစက်ပစ်သမားနှင့် လေကြောင်းလမ်းပြလုပ်ငန်းများသို့ သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိလျှင် သင်တန်းတက်ရောက်ခွင့်ရရှိမည်။
(ဂ) စက်မှုလက်မှုစစ်သည်များအနေဖြင့် ခေတ်မီလေကြောင်းဆိုင်ရာ စက်မှုနည်းပညာရပ်များကို ဆည်းပူးလေ့လာခွင့် အခွင့်အရေးများကိုရရှိမည်။ နိုင်ငံခြားမှခေါ်ယူမည့်သင်တန်းများရှိပါက သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိလျှင် သင်တန်းတက်ရောက်ခွင့်ရရှိမည်။

၆။ တပ်မတော်(လေ)သို့ ဝင်ရောက်အမှုထမ်းလိုသူများနှင့် အသေးစိတ်အချက်အလက်စုံစမ်းလိုသူများသည် စစ်သားစုဆောင်းရေးတပ်(လေ) (ဖုန်း-၀၃၁ ၃၅၁၆၉) ပြည်လမ်း (ဘီအိုစီမှတ်တိုင်နှင့်ဆေးကျောင်းမှတ်တိုင်ကြား) မင်္ဂလာဒုံနှင့် လေတပ်စခန်းဌာနချုပ်/ လေတပ်စခန်း/တပ်/တပ်များတွင် ဆက်သွယ်စုံစမ်းမေးမြန်းဝင်ရောက်နိုင်သည်။

၇။ "တောင်ပံဖြန့်၍ အောင်ပွဲဆီသို့" ဟူသည့်ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏လေကြောင်းစွမ်းအားတည်ဆောက်နိုင်ရန်အတွက် သင့်အား တပ်မတော်(လေ)မှ အလိုရှိပါသည်။

## (၄၃)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုမွန်လွှာ

၂-၁-၂၀၁၅ရက်၌ ကျရောက်သော ချစ်ဖေဖေ ဦးကျော်အေး၊ ချစ်မေမေ ဒေါ်ပိုက်ပိုက်တို့၏ (၄၃)နှစ်မြောက် ပတ္တမြားရတုမင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော သား(၃)ယောက်နှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်ချမ်းမြေ့သောမိသားစုဘဝကို ပိုင်ဆိုင်ပြီး တရားဘာဝနာများ ပိုမိုပွားများ အားထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားကြီး - ကျော်မင်းမင်းဦး
သားလတ် - ကျော်လင်းဦး
သားထွေး - ကျော်သီဟထွေး(DSA-43rd)


မင်္ဂလာဒါ Fully Air-con Express
ဒါလောင်းတော်ကာဿပ (Hotel ဆည်း) 45000
ပုဂံ(ရွှေဆံတော်စေတီဆွ)၊ မှုမွှင်း 35000
တောင်ကြီး၊ အင်းလေး၊ ထမိုင်း 45000
01-387973, 09-420051117

RUBY
519100
09-51-77212, 535100


## မွေးနေ့ဆုမွန်လွှာ

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သော
ဒေါက်တာတင်ထွန်းဦး
ဥက္ကဋ္ဌ-စွယ်စုံမီဒီယာဂရု(ပ်) ၏
၂-၁-၂၀၁၅ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မင်္ဂလာမှသည်
မိသားစုများ၊ တပည့်ဝန်ထမ်းများနှင့်အတူ ချမ်းမြေ့ရွှင်လန်း
စာပေလမ်းမှာ ကမ်းလက်ကူငွေကြေးဖြင့် သက်ဆုံးရည်မှန်း
လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။
စွယ်စုံမီဒီယာဂရု(ပ်)




UNIQUE STAR TRAVELS & TOURS
ဗန်ကောက် (6)D [ Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] Jan:3,10,17,24,31/Feb:7,14,21,28 (300,000)
ကူမင်း-သလီ-လီကျန်း-ရှန်ဂရီလာ (6)D Jan:10,24 / Feb:14,28 / Mar:14,28 / Apr:11,25 (400,000)
ဥရောပ(10) နိုင်ငံ ဂျပန်+ကိုရီးယား ကိုရီးယား ပီကင်း ဗုဒ္ဓဂါယာ
သြစတြေးလျ စင်ကာပူ+မလေး ဂျပန် ဟောင်ကောင် နယူးဇီလန်
အမေရိကား ဘာလီကျွန်း ဖူးခက် ရုရှား တောင်အာဖရိက
ထိုင်ဝမ် ဗီယက်နမ်+ကမ္ဘောဒီးယား စင်ကာပူ မော်လဒိုက် ဘူတန်
No.(70/A) , Kabaaye Pagoda Rd , Bahan Tsp, Yangon. Ph: 860 4964 , 860 4965 , 860 4966.
708 353 , 705 723 , 09 7310 9133 , 09 7310 9144 , 09 7310 9155, 09 7310 9166 , 09514 8079

နေဝါနာရှင် ... ကျိုက်ထီးရိုး / ချောင်းသာ (ငွေဆောင်)
မန်းရွှေစက်တော်ပွင့်ပွဲ (Jan 22, 23)
Jan 16,30 Feb 11,27
85000 Dec 29-Jan2,9
392704, 09 50 66657, 09 73017110

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770


## မြေကွက်အမြန်ရောင်းမည်

ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်) မြောက်ဒဂုံ(မဝတ)အနီး၊ ချမ်းသာရွှေပြည်အိမ်ရာ စီမံကိန်းဝင်းအတွင်း အလျား ၅၅ပေ × အနံ၇၅ပေ၊ "အိမ်ရာစီမံကိန်း ပေါက်ဈေးအောက် လျှော့ရောင်းမည်"။ ဖုန်း-၀၉-၅၀၇၈၃၄၁


THE STRENGTH TO BUILD
Happy New Years 2015

ရန်ကုန်မြို့နှင့်အောက်မြန်မာပြည် (တစ်ဦးတည်းအေရောင်းကိုယ်စားလှယ်)
SMT SHWE MYITTA CEMENT AND GENERAL TRADING
Add: Bldg 26, Rm: 4/5, Sawbwargyigone, Insein Tsp, Yangon. Contact : 9640014, 644594
www.apachecement.com



THE STRENGTH TO BUILD
Happy New Years 2015



မန္တလေးမြို့နှင့်အထက်မြန်မာပြည် (တစ်ဦးတည်းအေရောင်းကိုယ်စားလှယ်)
WIN PHU KHINE CO., LTD.
No. Kagyi/143, Khatta Street, Bayintnaung, Mayangone Township, Yangon, Myanmar. Tel: 95-1-686288. Fax: 95-1-683588
www.apachecement.com

# ထားဝယ်ကွန်ပျူတာတက္ကသိုလ်မှ စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်

**ထားဝယ်၊ ဇနနဝါရီ ၁**

(၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ကွန်ပျူတာတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီတွင် ထားဝယ်အထွေထွေရောဂါကုဆေးရုံကြီး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စုပေါင်းသွေးလှူဒါန်းရာသို့ ထားဝယ်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်၊ ထားဝယ်အမျိုးသားသွေးလှူဘဏ်မှ တာဝန်ခံဆရာဝန် ဒေါက်တာစန်းစန်းဝင်းနှင့် ဆေးရုံဝန်ထမ်းများ၊ ထားဝယ်ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းအုပ်ကြီး ဒေါ်ခင်အေးသန့်၊ ကထိက၊ လက်ထောက်ကထိက၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် စုပေါင်းသွေးလှူဒါန်းကြသည်။

သွေးလှူရှင်များအား ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်နှင့် တာဝန်ရှိသူများက ဆေးဝါးနှင့် အားဖြည့်အစားအစာ အာဟာရများ ပေးအပ်ချီးမြှင့်ခဲ့သည်။ စုပေါင်းသွေးလှူဒါန်းပွဲတွင် ထားဝယ်ကွန်ပျူတာ တက္ကသိုလ်မှ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၃၂ ဦး လှူဒါန်းကြကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# ကွန်ပျူတာအင်တာနက်နည်းပညာ အခမဲ့သင်တန်းဖွင့်

**မကွေး၊ ဇနနဝါရီ ၁**

မကွေးတိုင်းဒေသကြီး အပူပိုင်းဇုံဒေသ ကျေးလက်ဒေသ ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ABC ကွန်ပျူတာ၊ TRAINING CENTRE တို့ပူပေါင်း၍ မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာရှိ အ. ထ. က (၁) ကျောင်းတွင် ဒီဇင်ဘာ ၂၅ ရက်က အခမဲ့ ကွန်ပျူတာသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ကျေးလက်ဒေသရှိ ကျေးလက်လူငယ်များအား ကွန်ပျူတာအင်တာနက်နည်းပညာရပ်များ အသုံးပြု၍ လူ့စွမ်းအားအရင်းအမြစ်များ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသနှင့် မြို့ပြနည်းပညာအသိပညာဖွံ့ဖြိုးတိုးမှု ကွာဟချက်အားလျော့ကျစေရန်နှင့် ကျေးလက်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်ချက်ဖြင့် အဆိုပါသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သစ်ရာကောက်ကျေးရွာအုပ်စုမှ သင်တန်းသား၊ သင်တန်းသူ ၃၂ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လတိတိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းများကို မကွေးခရိုင်အတွင်းရှိ တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာတွင်လည်းကောင်း၊ နတ်မောက်မြို့နယ် ဘုန်တော်ပြည့်ကျေးရွာတွင်လည်းကောင်း တစ်ပြိုင်နက်အသီးသီးဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ဆက်လက်ပြောသည်။

**ကျော်ဇေယျ**

# ကျောက်ပန်းတောင်းမြို့နယ်တွင် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်မျက်နှာစုံညီ အစည်းအဝေးကျင်းပ

**ကျောက်ပန်းတောင်း၊ ဇနနဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ မျက်နှာစုံညီ အစည်းအဝေးနှင့် သက်ကြီး ၇၅ နှစ်အထက် မစွမ်းမသန်ထောက်ပံ့ခြင်း၊ အဖွဲ့ဝင်မိသားစုများ၏သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မြို့နယ်အားကစားခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီဝင်များနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောက်ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ်သိန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးကျော်ရွှေ(ငြိမ်း) က မြို့နယ်စည်းရုံးရေးကော်မတီ၏ ဖွဲ့စည်းထားရှိမှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တပ်ကြပ်ကြီးစာရေး ခင်မောင်ရီ(ငြိမ်း) က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ဘဏ္ဍာငွေရှာဖွေသုံးစွဲမှုများကို ရှင်းလင်းတင်ပြရာ တပ်ကြပ်ကိုကြီး(ငြိမ်း)နှင့် တပ်သားအောင်မောင်း(ငြိမ်း) တို့က ထောက်ခံအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အသက် ၇၅ နှစ်အထက် သက်ကြီးအဖွဲ့ဝင်ခြောက်ဦးနှင့် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသည့် အဖွဲ့ဝင်များ၊ စည်းရုံးရေးခေါင်းဆောင်များအတွက် ထောက်ပံ့ငွေများနှင့် အဖွဲ့ဝင်များ၏ သားသမီးများအတွက် ပညာသင်စရိတ်များကို တပ်နယ်မှူး ဗိုလ်မှူးချုပ်သိန်းဝင်းနှင့် မြို့နယ်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့သည် အရာရှိ ၁၉ ဦး၊ အခြားအဆင့် ၄၉၉ ဦး စုစုပေါင်း ၅၁၈ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး အရန်အင်အားအဖြစ် အဖွဲ့ဝင် ၅၇၂ ဦးရှိသည်။

မြို့နယ်စည်းရုံးရေးကော်မတီသည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများဖြင့် ရပ်တည်လျက်ရှိသည်။ အဖွဲ့ဝင်မိသားစုများ၏ သာရေးနာရေးကိစ္စများနှင့် ပညာရေး၊ ကျန်းမာရေး ဆိုင်ရာကိစ္စရပ်များတွင် အဖွဲ့၏စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထောက်ပံ့မှုပေးလျက်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မကွေးမြို့တွင် စက်မှုနှင့်အသက်မွေးပညာ ရွှေ့လျားသင်တန်းဆင်းပွဲကျင်းပ

**မကွေး၊ ဇနနဝါရီ ၁**

စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)မှ ဖွင့်လှစ်သည့် စက်မှုနှင့်သက်မွေးပညာ ရွှေ့လျားသင်တန်းအမှတ်စဉ်(၇) ဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက မကွေးမြို့ စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ကျွမ်းကျင်အလုပ်သမားများ မွေးထုတ်ပေးရေးရည်ရွယ်ချက်ဖြင့် စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ပေးပြီး လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ မြှင့်တင်ပေးရန်အတွက် ရည်ရွယ်၍ ယင်းသင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းဆင်းပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဝင်းမြင့်မောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်က ထူးချွန်သင်တန်းသားများအား ဆုများအသီးသီးချီးမြှင့်ပေးကာ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)မှ ကျောင်းအုပ်ကြီး ဦးသန့်ဇင်က သင်တန်းသားများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသို့ မကြီးကန်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းအတွက် သင်တန်းသား ၃၀ ဦး၊ သံဂဟေဆက်သင်တန်းအတွက် သင်တန်းသား ၂၀ ဦး စုစုပေါင်း သင်တန်းသား ၅၀ ဦးတက်ရောက်ကြကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စကု-အိုင်းမ ကျေးလက်ကျောက်ချောလမ်း ကွင်းဆင်းစစ်ဆေး

**မကွေး၊ ဇနနဝါရီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် စကု-အိုင်းမ ကျောက်ချောလမ်း ၁၄ မိုင် ခွင့်ပြုငွေ ၆၅၅ ဒသမ ၉ သန်းဖြင့် နန်းမြင့်သူကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။



အဆိုပါကျောက်ချောလမ်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး၊ မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုကော်မတီများ ကွင်းဆင်းစစ်ဆေးမှုကို မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ဘုန်းလင်း လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) မှ ကျောက်ချောလမ်းခင်းခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးပါက ကျေးရွာပေါင်း ၁၂ ရွာရှိ အိမ်ထောင်စု ၂၀၂၄ အိမ်၊ လူဦးရေ ၈၄၄၁ ဦး၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ကုန်စည်စီးဆင်းမှုများ အဆင်ပြေချောမွေ့သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်

၁။ ကာယသုခလမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ရှိ မြေပိုင်မြေ အမည်ပေါက် မြေအကျယ် (ဇကဝက်ပတ်ဝန်းကျင်)ရှိ ပါဝါမီတာ၊ ရိုးရိုးမီတာ၊ ဂျီးဖြူရေ ဖျဉ်ထောင်(၂)ထပ်အိမ်တစ်လုံး အပါအဝင်(၂၅ပေ) ပတ်လည်ရှိ ဂိုဒေါင်တစ်လုံး၊ သွပ်ခြံစည်းရိုးကာ ရောင်းဈေးကျပ်သိန်း-၁၈၀၀၀၊
၂။ လှိုင်သာယာ(၁)ထိပ်၊ မင်းရဲကျော်စွာလမ်း၊ လှိုင်သာယာမြို့နယ်ရှိ မြေအကျယ် ပေ(၄၀×၆၀) နှစ်ကွက်တွဲ မြေပို(၁၀ပေ)ပါ။ ဂရန်အမည်ပေါက် BNနှစ်ထပ်တိုက် သစ်(၁)လုံးပါ။ MB (၂)ခန်း/ရိုးရိုး(၄)ခန်း/ရေပူ/RC(၂၇)ပေမြင့် ရေစည်ကြီးပါ/ ပရိဘောဂ အသင့်နေရုံ ရောင်းဈေး ကျပ်သိန်း-၄၂၀၀
၃။ စိန်ပန်းလမ်း၊ (၄၀)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်ရှိ မြေအကျယ်ပေ(၄၀×၆၀) ပါမစ် မြေခြံစည်းရိုးပါ ရေ/မီးပါ။ ရောင်းဈေး ကျပ်သိန်း-၁၁၀၀
၄။ ဖားရွှေကျော်လမ်းမ (၆)ရပ်ကွက်၊ အရှေ့ဒဂုံရှိ မြေအကျယ်ပေ(၄၀×၆၀) ဂရန်မြေပေ(၁၀၀) လမ်းမကြီး၊ RC ခြံစည်းရိုး၊ ရေမြောင်းရှေ့မျက်နှာစာအားလုံး RCလောင်းပြီး ရောင်းဈေး ကျပ်သိန်း-၁၆၀၀။
၅။ ကျောက်ရေတွင်း၊ ပုရွက်ဆိပ်ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မြေအကျယ် ပေ(၂၀၀×၁၀၀) အဝင်လမ်းကျယ် လမ်းကောင်း၊ RCခြံစည်းရိုးပါ ဥယျာဉ်ခြံမြေ၊ စက်ရုံသုံး KV200 Transformer / မီးအားမြင့်စက် /ဂျီးဖြူရေ/ အိမ်(၂)ထပ်သေးတစ်လုံးပါ။ ရောင်းဈေး ကျပ်သိန်း-၈၀၀၀၊ ငှား-ကျပ်သိန်း-၄၀
၆။ ဒဂုံဆိပ်ကမ်း/(၈၂)ရပ်ကွက်/အကွက်နံပါတ် (၉၀၉)၊ ပေ(၄၀×၆၀)၊ ပါမစ်မြေ။ ရောင်းဈေးကျပ်သိန်း-၄၈၀၊
၇။ လှိုင်သာယာမြို့နယ်၊ ကမ်းပတ်လမ်းနှင့် ပိတောက်လမ်း ပေ(၄၀×၆၀) နှစ်ကွက်တွဲ(ပါမစ်မြေ)
ဖုန်းနံပါတ်-၀၉-၅၀၁၈၉၂၂၁၊ ၀၉-၉၀၈၅၁၇၉၈၆၊ ၀၉-၉၁၀၁၅၆၉၇၁

"စိန်ခေါ်မှုများရှိနေသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဈေးကွက်အတွင်း စိန်ခေါ်ရဲသူများဖြစ်လာနိုင်ရန် ဤစာအုပ်ကိုဖတ်ပါ။"

၂၀၁၅ အတွက် စီးပွားရေးအပြင်အဆင်များ

ဒေါက်တာမောင်မောင်စိုး(ဘောဂဗေဒ)

တန်ဖိုး-၃၅၀၀ကျပ်

ထွက်ပြီ

ဖြန့်ချိရေး - ပိုင်မြန်မာစာပေ၊ ဖုန်း-၀၉ ၄၂၅ ၃၇၃၃၉၇

စိန်ငါးလုံး နား၊ နှာခေါင်း၊ လည်ချောင်းသန့်ဆေး

နားကိုက်၊ နားပြည်ယို၊ နားလေးခြင်း၊ နှာစေး၊ နှာပိတ်ထိပ်ကပ်နာဖြစ်ခြင်း၊ နှာခေါင်းအတွင်း အသားပိုလုံးများ တည်ခြင်း၊ သွားကိုက်ခြင်းတို့အတွက် စိန်ငါးလုံး ဆေးကို လိမ်းပါ။

စိန်ငါးလုံး ဆေးတိုက် - အမှတ်-ဆ-၁၀၁၊ ဓမ္မသီ(၄)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၉၄၁ ၅၅၄၅၃

## အမြန်ရောင်းမည်

ဗိုလ်ဆွန်ပက် ကွန်ဒို(၁၂)လွှာ ရောင်းမည်။
အဆင့်မြင့်ပြင်ဆင်ထားပြီး
ပေ(၃၄×၅၆)အကျယ်ရှိသည်။
အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။
စုံစမ်းရန်
တယ်လီဖုန်းအမှတ် ၀၉-၄၂၀၀၇၁၄၉၅၊ ၀၉-၄၂၀၀၇၁၄၉၆

# မြို့နယ် ၂၅ မြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးသင်တန်း စာတွေ့လက်တွေ့ ဖွင့်လှစ်ပို့ချသွားရန် စီစဉ်လျက်ရှိ

**မကွေး၊ ဇန်နဝါရီ ၁**

၂၀၁၅ မတ်လတွင် မြို့နယ် ၂၅ မြို့နယ်၌ အခြေခံမွေးမြူရေးနှင့်ကုသရေးသင်တန်းကို စာတွေ့လက်တွေ့ ဖွင့်လှစ်ပို့ချသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကျေးလက်စိုက်ပျိုးရေးအထောက်အကူပြုသဘာဝမြေဩဇာထုတ်လုပ်မှုသင်တန်းများကို ခရိုင်တစ်ခုလျှင် သင်တန်းသား ၃၀ ဦးဖြင့် တိုင်းဒေသကြီးအတွင်း ခရိုင်ငါးခု၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ သက်ဆိုင်ရာဦးစီးဌာနများသို့ ဆက်သွယ်စာရင်းပေးနိုင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ အခြေခံလူမှုဘဝများ မြင့်မားလာရေးအတွက် ထောက်ပံ့မှုများ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်မှုများ ဆောင်ရွက်နေသကဲ့သို့ မကွေးတိုင်းဒေသကြီး၌ တောင်သူလယ်သမားများအား လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေးအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ပို့ချလျက်ရှိသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှဖွင့်လှစ်သော လက်သမားသင်တန်း၌ သင်တန်းသား ၆၀ ဦး၊ ပန်းရံ၊ သံချည်သံကွေးသင်တန်း၌ သင်တန်းသား ၆၀ ဦး စုစုပေါင်းသင်တန်းသား ၁၂၀ ဦးကို မကွေးမြို့နယ် အောင်မြေကုန်းကျေးရွာနှင့် ယာကွက်စမ်းကျေးရွာတို့တွင် ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီး လက်သမားသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။ တိုင်းဒေသကြီးအတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ၈၃ ရွာတွင် အိမ်တွင်းမှုလုပ်ငန်းအတွက် ချေးငွေရယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာသူများအနက်မှ အပ်ချုပ်သင်တန်းတက်ရောက်လိုသည့် ကျေးရွာသူ ၁၉ ဦးအား ဆိပ်ဖြူမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး အိမ်တွင်းမှုသင်တန်းကျောင်းတွင် ၁၃ ပတ်ကြာ သင်တန်းပို့ချလျက်ရှိသည်။

စက်မောင်း၊ စက်ပြင်၊ သံချည်သံကွေး၊ သံဂဟေဆော်နည်းသင်တန်းများအား သင်ကြားပေးသည့် အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး) မှ တစ်နှစ်သင်တန်းတွင် တစ်ကြိမ်၌ သင်တန်းသား ၁၅၀ ဦးဖြင့် ဖွင့်လှစ်ဆဲသင်တန်း လေးကြိမ်အတွက် သင်တန်းသား ၆၀၀ ဦး၊ အမှတ်(၄)စက်မှုသင်တန်းကျောင်း(ပခုက္ကူ) မှ တစ်နှစ်သင်တန်း တစ်ကြိမ်၌ သင်တန်းသား ၂၂၀ ဦးဖြင့် ဖွင့်လှစ်ဆဲသင်တန်း ငါးကြိမ်အတွက် သင်တန်းသား ၁၁၀၀ ဦးနှင့် ရွေ့လျားသင်တန်း တစ်ကြိမ်လျှင် သင်တန်းသား ၅၅ ဦးဖြင့် သင်တန်းသုံးကြိမ်အတွက် ၁၆၅ ဦး၊ စုစုပေါင်း ၁၈၆၅ ဦးအား သက်မွေးဝမ်းကျောင်းပညာများ သင်ကြားပို့ချနိုင်ခဲ့သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန အနေဖြင့်လည်း တောင်သူအကျိုးပြု အထောက်အကူဖြစ်စေရန် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများမှ သင်တန်းသား ၂၉၉ ဦးအား သင်ကြားပို့ချပေးနိုင်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများတွင် နွားမျိုးကောင်းမျိုးသန့်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အရပ်သားမေထုန်မဲ့ သားစပ်သင်တန်းများကို မြို့နယ် ၂၂ မြို့နယ်တွင် သင်တန်းသား ၄၆၀ ဦးဖြင့် ဖွင့်လှစ်ပို့ချခဲ့ပြီး ဖြစ်သည်။

**ဇေယျာတု(မကွေး)**

## ယုဇနဉယျာဉ်မြို့တော်ရှိ ပဋ္ဌာန်းသိမ်းအောင်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဓမ္မပူဇာသဘင်ကျင်းပ



**ရန်ကုန်၊ ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ယုဇနဉယျာဉ်မြို့တော် ၉၄ ရပ်ကွက်တွင် ဓမ္မပါလဓမ္မာရုံဆွမ်းလောင်းအသင်းမှ ဦးစီးကျင်းပသော ပဋ္ဌာန်းဒေသနာတော်ကို ဒီဇင်ဘာ ၂၆ ရက်မှစတင်၍ သုံးရက်ဆက်တိုက် ရွတ်ဖတ်သရဇ္ဈာယ်အောင်ပွဲသိမ်းပြီး ဒီဇင်ဘာ ၂၉ ရက် ညနေ ၄ နာရီတွင် ရပ်ကွက်တွင်း၌ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာဘုန်းတော်ကြီးကျောင်းပေါင်းစုံမှ ပင့်သံဃာ ၈၂ ပါးဖြင့် စီတန်းလှည့်လည်၍ ရပ်ကွက်သူ၊ ရပ်ကွက်သားများက စည်ကားသိုက်မြိုက်စွာဖြင့် ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြသည်။

ယင်းနောက် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃ ရက်ထိ ငါးရက်တိုင်တိုင် ဆရာတော် သံဃာတော်အရှင်သူမြတ်များက တရားဒေသနာတော် တိုက်ကျွေးတော်မူကြမည်ဖြစ်ကြောင်း သိရသည်။

**ကျင်မောင်**

# သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆရာမကြီး ဒေါ်ဇင်ခိုင်၏ ရန်ပုံငွေမှ တက္ကသိုလ်ကျောင်းသား ၁၀၇ ဦးအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်

**မန္တလေး၊ ဇန်နဝါရီ ၁**

သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆရာမကြီး ဒေါ်ဇင်ခိုင်၏ ရန်ပုံငွေမှ ပညာရည်ထူးချွန်သော်လည်း ငွေကြေးအခက်အခဲရှိသည့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား ၁၀၇ ဦးအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကျန့်တောရန် ဗုဒ္ဓဘာသာဘုရားရှိခိုးကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပေကျင်းနိုင်ငံခြားဘာသာတက္ကသိုလ် သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ အငြိမ်းစားပါမောက္ခ ဆရာမကြီးဒေါ်ဇင်ခိုင်က ပညာရေးအလှူ လှူဒါန်းရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ကျောင်းသား၊ ကျောင်းသူများအား တိုင်းနှင့် ပြည်နယ်အလိုက် ထောက်ပံ့ကြေးများပေးအပ်ခဲ့သည်။ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့ ဗလာစာအုပ်၁၄၀၀ ဒါဇင်ကို လှူဒါန်းခဲ့သည်။

အခမ်းအနားကို မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ ဦးဆောင်စီစဉ်ကျင်းပခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးနှင့်ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ မန္တလေးအခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး ဒုတိယကောင်စစ်ဝန်ချုပ် မစ္စကျင့်ယီလိန်း၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်တို့ တက်ရောက်ခဲ့သည်။

အသက် ၈၆ နှစ်ရှိပြီဖြစ်သော ဆရာမကြီး ဒေါ်ဇင်ခိုင်သည် ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းက သူမ၏ တပည့်များနှင့် လှူဒါန်းလိုသူများကို စုစည်းကာ ရန်ပုံငွေတစ်ရပ်ထူထောင်၍ ၂၀၀၃ ဧပြီ ၁၁ ရက်က ပထမဆုံးလှူဒါန်းမှုအနေဖြင့် သန်လျင်မြို့နယ် ဆုတောင်းပြည့်ဘုန်းကြီးကျောင်းရှိ မိဘမဲ့ကလေးများ၊ ဆင်းရဲနွမ်းပါး ကျောင်းသူ၊ ကျောင်းသားများအတွက် လှူဒါန်းခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၉ ရက်က ငွေကြေးအခက်အခဲရှိနေသည့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား ၃၀ ဦးအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခဲ့သည်။ ယခု တတိယအကြိမ်အဖြစ် ပညာရည်ထူးချွန်၍ ငွေကြေးအခက်အခဲရှိသည့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား ၁၀၇ ဦးအား ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် ကျပ်သုံးသိန်း လှူဒါန်းခြင်းဖြစ်သည်။

ဆရာမကြီး ဒေါ်ဇင်ခိုင်သည် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရရှိကာ တရုတ်နိုင်ငံ နိုင်ငံခြားဘာသာဗျူရိုနှင့် ပေကျင်းနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပါရဂူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အငြိမ်းစားယူပြီးတရုတ်-မြန်မာချစ်ကြည်ရေး စသည်တို့ကို စွမ်းစွမ်းတမံဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ချီးမြှင့်သည့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့ကို ၂၀၁၃ခုနှစ်က ချီးမြှင့်ခဲ့ ကြောင်း သိရသည်။

**(၀၀၂)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာစာကြည့်တိုက်များတွင် စာကြည့်တိုက်မှူး နည်းပြသင်တန်းဖွင့်

**မုံရွာ၊ ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာစာကြည့်တိုက်များတွင် စာကြည့်တိုက်မှူးကောင်းများ ထွက်ပေါ်လာပြီး စာကြည့်တိုက်များ ရှင်သန်နိုင်စေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး စာကြည့်တိုက်များဖောင်းဒေးရှင်းမှ ကြီးမှူးဖွင့်လှစ်သော ကျေးရွာစာကြည့်တိုက်မှူး နည်းပြသင်တန်းကို မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း မြဝတီခန်းမတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ၃၇ မြို့နယ်မှ တစ်မြို့နယ်လျှင် သင်တန်းသားနှစ်ဦးနှုန်းဖြင့် စုစုပေါင်း ၇၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိဖြစ်ပြီး နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားခဲ့သည်။

အဆိုပါသင်တန်းတွင် စာကြည့်တိုက်ထူထောင်ရေးလုပ်ငန်း၊ စာကြည့်တိုက်စီမံခန့်ခွဲရေးလုပ်ငန်း၊ စာစု၊ စာပြုလုပ်ငန်း၊ စာပေထိန်းသိမ်းခြင်းလုပ်ငန်း၊ ကတ်တလောက်ရေးသွင်းခြင်းလုပ်ငန်း၊ စာငှားစနစ်လုပ်ငန်း၊ ကျေးလက်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စာတွေ့လက်တွေ့ အဓိကထား သင်ကြားပေးခဲ့သည်။

**သိန်းသန်း(ပြန်/ဆက်)**


MIN AUNG
REAL ESTATE & GENERAL SERVICE

ရောင်းမည်

၁။ ၁၀မိုင် လေဆိပ်ရိပ်သာ ပေ(၁၀၀×၁၀၀) အဆောက်အအုံ (၁)လုံးပါ ရေ+မီး AC-Ph(ဂရန်ရှိ) သိန်း ၁၀၀၀၀
၂။ မြို့တော်ဂေါက်ကွင်း ဂျပန်လမ်းမပေါ် ပိုင်ရှင်အမည်ပေါက်(ဘိုးဘွားပိုင်မြေ ၅ဧက) ၁ဧက သိန်း ၂၀၀၀၀
၃။ အောင်သစ္စာလမ်း ထန်းပင်ကုန်း ပေ(၁၀၀×၁၂၅) လ/န ၃၉ရှိ 3/Bရှိ စက်ရုံလုပ်ပိုင်ခွင့်ကျပြီး ပါဝါမီတာ သိန်း ၉၅၀၀
၄။ မရမ်းကုန်းမြို့နယ်၊ ပါရမီလမ်း ပေ(၆၀×၁၂၀)၊ ၂-ထပ်တိုက် 4m BR, A/C-1Ph(ဂရန်ရှိ) သိန်း ၁၄၀၀၀
၅။ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်း၊ မြေညီထပ် ပေ(၃၀×၈၀) အိပ်ခန်း (၄)ခန်းပါ သိန်း ၄၀၀၀၀
၆။ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း ပေ(၂၅×၅၀)၊ ပျဉ်ထောင်(ကျွန်း+ပျဉ်းကတိုး)
ဧည့်ခန်း+အိမ်ခန်း(၂)ခန်း၊ အိပ်ခန်းအပို (၂)ခန်း၊ မီးဖိုချောင် (၂)ခု၊ ရေချိုးခန်း (၂)ခု၊ အိမ်သာ (၂)လုံး၊
Service Tang(5)Tank ကားတစ်စီးဆံ့ထားရန်နေရာ (စလစ်ရှိ)
မှတ်ချက်။ ကားဖြင့်လဲနိုင်သည်။ ရောင်းဈေး သိန်း ၇၀၀
၇။ မရမ်းကုန်းမြို့နယ်၊ ပါရမီလမ်း(Mini Condo)(သို့မဟုတ်) Appartment (၈ထပ်၊ ၁၀ထပ်၊ ၁၂ထပ်)
အကျိုးတူဆောက်လိုပါက ဆက်သွယ်ပါရန်။ မျက်နှာစာ(၂)ဖက်ပါ (၉၁၀၀)စတုရန်းပေကျယ် ပိုင်ရှင်
အမည်ပေါက်(ဂရန်)
၈။ အင်းစိန်၊ ပေါက်တောဝ နေရာကောင်း ပေ (၂၅×၁၀၀၀) RC၂ထပ်ခွဲ ရေ+မီးစုံနှစ်ရှည်ငှားမည်။ တစ်လ သိန်း ၃၀
၉။ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ ပေ(၆၆×၁၂၀)(ရေ+မီး+Ph)မြေသီးသန့်(ဘိုးဘွားပိုင်)ညှိနှိုင်းဈေးဖြင့်ရောင်းမည်။
၁၀။ ၁၀မိုင် ဈေး၊ ကျောင်း၊ ကားဂိတ်အနီး၊ (MiNi Condo) သို့မဟုတ် အခန်းပေးအခန်းယူ ဆောက်မည်ဆိုပါက ဆက်သွယ်ပါ။

မင်းအောင်(အိမ်ခြံမြေ)အကျိုးဆောင်
နေအိမ်နှင့်ရုံးအမှတ်(၄၅/၅၅ D)၊ လေဆိပ်လမ်းသွယ်(၁)၊ (၁၀)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
PH:09-421014363, 09-252467505, 01-655898, 01-655809
နေ့စဉ် နံနက် ၉း၀၀နာရီမှ ညနေ ၅း၀၀နာရီထိ ပိတ်ရက်မရှိ ဆက်သွယ်နိုင်ပါသည်။



ကောင်းသောအခွင့်အလမ်း
SILICON TECHNOLOGIES MYANMAR LIMITED
Part-time Job @ mobile phone and home and Internet cafe European Based IT Company
ကျွန်တော်တို့၏ ကုမ္ပဏီမှာ Part-time အလုပ်လုပ်ဖို့ လူလိုပါသည်။ တစ်နေ့ကို ၁ နာရီ အလုပ်လုပ်ရမည်။ ကျောင်းသား/သူများ၊ ရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ကိုယ်ပိုင်လုပ်ငန်းရှင်များ၊ ကျွန်တော်တို့ ကုမ္ပဏီမှ အလုပ်ကိုယူ၍ အိမ်မှာနေ၍ဖြစ်စေ၊ သင်ရောက်ရာအရပ်၌ဖြစ်စေ၊ internet ရှိရုံဖြင့် အလုပ်လုပ်နိုင်သည်။ internet သုံးတတ်ရမည်။ Basic Computer တတ်ရမည်။ အလုပ်လုပ်တဲ့ အစီအစဉ်ကို ကုမ္ပဏီမှ သင်ကြားပေးမည်။
Contact time - 9:00 am to 6:00 p.m.



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာ၊ အပိုင်း(၁၂)မှ ပြောင်းရွှေ့ချထားခံရသူ ဦးညွန့်အေး(AA-၀၆၁၀၀၉)သည် မြေတိုင်းရပ်ကွက်အမှတ်(န/၅၃)၊ မြေကွက်အမှတ်(၄၄၈-က)၊ အကျယ်အဝန်း ပေ(၂၀×၆၀)မြေကွက် ရရှိခဲ့ပါသည်။ ဖော်ပြပါမြေကွက်သည် မြေချပါမစ်မထုတ်ရသေးပါသဖြင့် ပါမစ်ထုတ်ယူခွင့်ပြုပါရန် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ဇင်မာအေး[၁၂/ရပသ (နိုင်)၀၅၈၉၆၄]မှ ဧင်းပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်၊ ရပ်ကွက်ထောက်ခံစာများ ပူးတွဲတင်ပြ၍ ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးပါရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဦးညွန့်အေးအမည်ဖြင့် မြေချပါမစ် ထုတ်ပေးသွားမည်ဖြစ်ပါသည်။
မြေယာရုံးခွဲ(၁၁)၊ မြေနှင့်အခွန်ဌာနခွဲ၊ ရွှေပြည်သာမြို့နယ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

# မိတ္ထီလာခရိုင်အဆင့် ပြည်သူ့ရဲတပ်ဖွဲ့ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မိတ္ထီလာ၊ ဇန်နဝါရီ ၁**

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave ) လုပ်ငန်းစဉ်(၁)မှ တာဝန်ယူရမည့် လုပ်ငန်းကဏ္ဍများအလိုက် အစိုးရ၊ ပုဂ္ဂလိကပညာရှင်များ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့၏ကြီးကြပ်လမ်းညွှန်မှုဖြင့် ဒီဇင်ဘာ ၂၉ နံနက် ၈ နာရီခွဲက ခရိုင်အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ကြောင်း သိရသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့မရဲစခန်းမှူးများ၊ နယ်မြေရဲစခန်းမှူးများ၊ ရဲကင်းစခန်းမှူးများ၊ အရာရှိများနှင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး စောနေလင်း၊ ခရိုင်ဥပဒေအရာရှိ ဒေါ်ရီရီသန်း၊ ခရိုင်လက်ထောက်ဆေးရုံအုပ် ဒေါက်တာအိအိခင်နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်(၁) မိတ္ထီလာမှ ဒုတိယရဲမှူးမျိုးလွင်တို့က နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု ( Third Wave) လုပ်ငန်းစဉ်(၁) မှ တာဝန်ယူရမည့် လုပ်ငန်းကဏ္ဍများအလိုက် အစိုးရ၊ ပုဂ္ဂလိကပညာရှင်များပါဝင်သည့် ပြည်သူ့ရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် ဆက်စပ်ဆောင်ရွက်ချက်များအား အသေးစိတ်ဆွေးနွေးကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



**ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံးမှ မြို့တွင်းလမ်းများ ကောင်းမွန်၍ ပြည်သူများသွားလာရေးအဆင်ပြေစေရန် အောင်ဇေယျလမ်းမကြီး မြို့မဈေးရှေ့တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၇ ရက်က ဆောင်ရွက်ခဲ့သည်။** သတင်းနှင့်ဓာတ်ပုံ- ကိုကျော်(သုံးခွ)

## ငါန်းဇွန်မြို့နယ်ရွာလှကုန်းကျေးရွာ သောက်သုံးရေဖူလုံစွာရရှိ

**ငါန်းဇွန်၊ ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိနိုင်ရေးအတွက် စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းနောင်၊ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးဝင်းထွန်းတို့သည် ငါန်းဇွန်မြို့နယ် ရွာလှကုန်းကျေးရွာတွင် တူးဖော်ပြီးစီးသော သောက်သုံးရေစက်ရေတွင်းနှင့် ရေကန်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ စက်ရေတွင်းနှင့် ရေကန်သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေခွင့်ပြုချက်ဖြင့် တူးဖော်ခဲ့ပြီး ကုန်ကျငွေကျပ် ၁၇ ဒသမ ၉ သန်း ဖြစ်ကြောင်းသိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကြိုဆိုဂုဏ်ပြုသောအားဖြင့် နတ်တလင်းမြို့နယ်တွင်နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

**နတ်တလင်း၊ ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တောင်ညိုမြို့သစ် အောင်သာယာကျေးရွာ၄/၅လမ်းတွင် ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲ၌ (၆၇)နှစ်မြောက်လွတ်ရေးနေ့ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်လက်မစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန လက်ထောက်အင်ဂျင်နီယာ ဦးမော်လွင်က စည်ပင်သာယာရေးဌာန၏၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် စက်ရေတွင်းတူးဖော်ခဲ့ရာ အနက် ၃၂၀ ပိုက်ချ ၂၉၀ ပေ ရေထိပ် ၃၀ ပေ ဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန်သွပ်မိုး အင်ဂျင်ပါဝါ ၁၂-၁၃ လေမှုတ်စက် သုံးလက်မနှစ်လုံးထိုးစက်ခန်းအုတ်ညှပ်၊ သွပ်မိုးအဆောက်အအုံကုန်ကျငွေကျပ် ၂၈သိန်းကျပ်ကုန်ကျကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရပ်မိရပ်ဖ ဦးကံမြင့်က အောင်သာယာကျေးရွာအုပ်စုတွင် အိမ်ခြေ ၉၆၅ အိမ် လူဦးရေ ၂၀၁၁ ဦးတို့မှာ ရေအခက်အခဲနှင့် နှစ်စဉ်ကြုံတွေ့ခဲ့ရပြီး ယခုလို နိုင်ငံတော်မှ တူးဖော်ပေးသဖြင့် အထူးကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း ပြောသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးအရာရှိဦးဆန်းအောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းနိုင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **ဝ၇၁**

## သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ သန်လျင်တွင်ကျင်းပ

**ရန်ကုန်၊ ဇန်နဝါရီ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၁၅ ခုနှစ် ၆၇ နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့ရှိ ရှင်စောပုခန်းမတွင် ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီခိုင်က အမှာစကားပြောကြားပြီး ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ပါဝင်ယှဉ်ပြိုင်ကြသော သားကောင်းမိခင်နှင့် ရင်သွေးငယ်များ၏ ယှဉ်ပြိုင်မှုအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုရရှိသူများအား ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီခိုင်၊ သန်လျင်အထွေထွေဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သန်းဝင်း(သန်လျင်)**

## မြဝတီမြို့တွင် ဒီဇင်ဘာစတုတ္ထပတ် စုပေါင်းလူထု လမ်းလျှောက်ပွဲ ကျင်းပ

**မြဝတီ၊ ဇန်နဝါရီ ၁**

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့တွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ပညာရည်တိုးတက်မြင့်မားစေရန် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို စတုတ္ထပတ် ဒီဇင်ဘာ ၂၇ ရက်၊ နံနက် ၅ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှေ့မှ စတင်ကာ မြို့နယ်အားကစားဝင်းအတွင်းသို့ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

အဆိုပါ လမ်းလျှောက်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူးဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ခရိုင်/မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ အထောက်အကူပြုကော်မတီဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မြို့ပေါ်ရပ်ကွက်မှ ဒေသခံပြည်သူများပါဝင်ကြသည်။

ယင်းနောက် မြို့နယ်အားကစားဝင်းအတွင်းတွင် စုပေါင်းကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်းကို ပြုလုပ်ခဲ့ကြသည်။

ယင်းအပြင် အဆိုပါလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲသူများအားရေခဲသေတ္တာ၊ပန်ကာ၊ ထမင်းပေါင်းအိုးစသည့်ပစ္စည်းများပါဝင်သည့် ကံစမ်းမဲများ ဖောက်ပေးခဲ့ပြီးကောက်ညှင်းပေါင်းနှင့်ငါးခြောက်ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်းသိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

### မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)
### နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်များအသင်း
### နှစ်ပတ်လည်ညီလာခံ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆရာဝန်များအသင်း(ဗဟို) နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များအသင်း၏ နှစ်ပတ်လည်ညီလာခံ(၂၀၁၄-၂၀၁၅)အား အောက်ပါအစီအစဉ်အရ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ညီလာခံအကြို Functional Endoscopic Sinus Surgery Workshop အား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နှင့် ၂၁ ရက်များတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

ညီလာခံကြေးနှင့် အကြိုညီလာခံကြေးများအား (၃၀၀၀၀)ကျပ်စီ သတ်မှတ်ထားပါသည်။ စာတမ်းတင်သွင်းမည့်သူများ ၃၁-၁၂-၂၀၁၄ ရက် ညနေအရောက် ကြိုတင်ပေးပို့ကြရန်ဖြစ်ပါသည်။

ညီလာခံအစီအစဉ်

နေ့ရက် ။ ။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ရက် (ဗုဒ္ဓဟူးနေ့) နှင့်
ဇန်နဝါရီလ ၂၃ရက် (ကြာသပတေးနေ့)။
အချိန် ။ ။ နံနက် (၈)နာရီ မှ (၄)နာရီထိ။
နေရာ ။ ။ ရန်ကုန်မြို့၊ အင်းယားလိတ်ဟိုတယ်။

**M.M.A** (ဗဟို)
နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များအသင်း
၀၁-၅၄၄၀၀၀၊ ၀၁-၅၄၃၈၈၈၊ ၀၁-၅၅၇၂၀၇၊ ၀၁-၅၅၇၂၀၉

ပ ညာ ရေး ဝန် ကြီး ဌာ န တ ရား ဝင် အ သိ အ မှတ် ပြု သော ကျောင်း မှတ်ပုံတင်အမှတ်-တတ-၁၃/၄၂/၀၀၂
ဒေါ်စုစုထွေး၊ B.Sc, B.Ed, M.Ed ကိုယ်တိုင်ဦးစီးတည်ထောင်ဖွင့်လှစ်သော
GREAT LIGHT
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
၂၀၁၄-ပညာသင်နှစ် မရမ်းကုန်းတစ်မြို့နယ်လုံး အောင်ချက် ပထမ ၊ ဘာသာစုံ ဂုဏ်ထူးရှင် မထင်ထင်မာ အမှတ်ပေါင်း -၅၃၈ ဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ပါသည်။
(၂၀၁၅-၂၀၁၆) ပညာသင်နှစ်အတွက် ကြိုအပ်လက်ခံပါပြီ။
နေ့တက်သင်တန်း၊ ဘော်ဒါ ကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။
စုံစမ်းအပ်နှံရန် - အမှတ်(၇)၊ သမိုင်း-၂လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ✆ ၀၁-၅၂၂၈၅၅ ၊ ၀၁-၉၆၈၀၆၉၆ ၊ ၀၉-၄၉၃၁၉၅၂၆ ၊ ၀၉-၇၃၂၈၀၃၁
B.Ed, M.Ed, M.Sc ဘွဲ့ရဆရာ/ဆရာမများ၊ အဆောင်နေလိုသော Guide ဆရာမများ လာရောက်လျှောက်ထားနိုင်ပါသည်

# မြဝတီ–ထိုင်းနယ်စပ်ဒေသ ကျန်းမာရေးကော်မတီ နှစ်ပတ်လည်အစည်းအဝေး မြဝတီမြို့တွင် ကျင်းပ

**မြဝတီ၊ ဇန်နဝါရီ ၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် မြဝတီ-ထိုင်းနယ်စပ်ဒေသ ကျန်းမာရေးကော်မတီ နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားရာ နယ်စပ်ဒေသ ကျန်းမာရေးကော်မတီ၏ ရည်ရွယ်ချက်မှာ မြဝတီ-မဲဆောက် နယ်စပ်ဒေသတစ်လျှောက် နေထိုင်ကြသည့် ပြည်သူလူထု ကျန်းမာရေးကို မြှင့်တင်ပေးရန်နှင့် ကူးစက်ရောဂါဖြစ်သည့် တီဘီရောဂါအား ကြိုတင်ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင် မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက် မန်နေဂျာ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်က မြန်မာနိုင်ငံ၏ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း လုပ်ဆောင်ချက်များအားလည်းကောင်း၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (မြဝတီ)မှ National Health Coordinator ဒေါက်တာသိမ့်သိမ့်လှိုင်က မြဝတီမြို့၏ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုများအားလည်းကောင်း အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ခရိုင်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မြောင်မြို့စက်မှုလယ်ယာမှ ထွန်စက်သစ်ကြီးများဖြင့် မြို့နယ်အတွင်း ကွင်းဆင်းထွန်ယက်ပေးလျက်ရှိ

**မြောင်၊ ဇန်နဝါရီ ၁**

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)မှ ပေးပို့သော အိန္ဒိယနိုင်ငံထုတ် New Holland ထွန်စက်သစ်ကြီးများဖြင့် မြောင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းများ ကွင်းဆင်းထွန်ယက်ပေးလျက်ရှိသည်။

မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ် (၅၉) မှ ခုနစ်သွားထယ်ဖြင့် တစ်ဧကလျှင် တစ်သောင်းငါးထောင်ကျပ်၊ ဂျုတ်ဖြင့်မြေညှိခြင်းအတွက် တစ်နာရီလျှင် ခုနစ်ထောင့်ငါးရာကျပ် သက်သာသောနှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး မြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့်လည်း အချိန်ကုန်ငွေကုန်သက်သာစေခြင်း၊ အချိန်မီထွန်ယက်ရန်အတွက် နွားရှဉ်းငှားရသည့် အခက်အခဲများ သက်သာခြင်းတို့ကြောင့် နှစ်သက်လျက်ရှိကြောင်း သိရသည်။

ကျွန်းမြေများတွင် ယခုနှစ်ဆောင်းမြေပဲပြီးချိန် နွေသီးနှံများဖြစ်သည့် ပဲတီစိမ်း၊ နှမ်းစိုက်ပျိုးချိန်များတွင် ပိုမိုအသုံးဝင်မည်ဖြစ်သည့်အတွက် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုပြည့်စုံနိုင်မည်ဖြစ်သည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

## ဝါခရူမြို့ဟောင်းဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ကျင်းပ

**သံဖြူဇရပ်၊ ဇန်နဝါရီ ၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့၏အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ ဝါခရူကျေးရွာတွင်တည်ရှိသည်။ မုတ္တမရာဇဝင်၏ မွန်မြို့သမိုင်း ၃၂ မြို့တွင် အပါအဝင်ဖြစ်သည့် ဝါခရူရှေးမွန်မြို့ဟောင်းဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို သံဖြူဇရပ်မြို့နယ် စာရေးဆရာအသင်းကကြီးမှူး၍ ဒီဇင်ဘာ ၂၈ ရက်က သံဖြူဇရပ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာဂုဏ်ရည်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားပထမအစီအစဉ်အဖြစ် နံနက် ၆ နာရီခွဲတွင် ဝါခရူမြို့ဟောင်းဝင်းအတွင်း၌ စာတမ်းဖတ်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင် စိုက်ထူခြင်းကိုကျင်းပရာ ကျောက်စာတိုင်အား မြန်မာ-မွန်-အင်္ဂလိပ် သုံးဘာသာဖြင့် ရေးသားစိုက်ထူပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခင်ညွှန့်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဝမ်ထိန်၊ ကျင်းပရေးကော်မတီနာယက ဦးကြီးစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ နံနက် ၈ နာရီတွင် အ. ထ. က(၂)ခန်းမ၌ စာတမ်းဖတ်ပွဲကို ကျင်းပရာ သဘာပတိအဖြစ် မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်မြတ်ကျော်စိန်၊ ကော်မတီဥက္ကဋ္ဌ ဦးခင်ညွှန့်၊ ဦးဝမ်ထိန်တို့က ဆောင်ရွက်ပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခင်ညွှန့်၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး ဒေါက်တာမင်းနွယ်စိုးတို့က စာတမ်းဖတ်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲအောင်မြင်ရေးအတွက် အလှူရှင်များအား ပြည်နယ်ဝန်ကြီး ဦးမျိုးညွှန့်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ သုတေသနစာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ မော်လမြိုင်တက္ကသိုလ်မှ ဒေါက်တာချယ်ရီအောင်၊ ဒေါက်တာယဉ်ယဉ်အေး၊ ဒေါက်တာဒေါ်ကြင်စွမ်၊ ဒေါက်တာမော်မော်အောင်၊ ဒေါက်တာမိုးမိုးခိုင်၊ ဒေါက်တာခင်မေအောင်နှင့် သမိုင်းသုတေသနပညာရှင် ဦးစံဝင်း၊ ဦးနိုင်ချစ်ဖေတို့က ဝါခရူမြို့ဟောင်းနှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက် စာတမ်းခေါင်းစဉ်ရှစ်ခုဖြင့် ဖတ်ကြားခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ ဧရာဝတီမြစ်ဆိပ်ကမ်းပေါ်တွင် နှမ်းတောင်သူများဖြင့် အရောင်းအဝယ်စည်ကား



**သပိတ်ကျင်း၊ ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်း နှမ်းတောင်သူများ ရာသီဥတုမှန်ကန်ပြီး အထွက်နှုန်းကောင်း တွက်ခြေကိုက်သည့် အောင်လံနှမ်းမျိုးများ စိုက်ပျိုးအောင်မြင်ပြီး ဈေးကောင်းရရှိသဖြင့် တောင်သူများ ဝင်ငွေကောင်းလျက်ရှိကာ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ကန့်ဘလူမြို့နယ်နှင့် ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ နှမ်းတောင်သူများ မြို့ပေါ်ရှိ ပွဲရုံများသို့ ကားလမ်း၊ ရေလမ်းတို့မှ စုန်ဆန်ကူးလူး လာရောက်ရောင်းဝယ်ကြသဖြင့် သပိတ်ကျင်းမြို့ ဧရာဝတီမြစ်ဆိပ်ကမ်းတွင် စည်ကားလျက်ရှိပြီး နှမ်းတင်၊ နှမ်းချ၊ ထုပ်ပိုးသူအလုပ်သမားများနှင့် မော်တော်ယာဉ်လိုင်းများလည်း အလုပ်အကိုင်များရရှိကာ ဝင်ငွေကောင်းလျက်ရှိသည်။

သပိတ်ကျင်းမြို့ပေါ်ရှိ ပွဲရုံများသို့ လာရောက်ရောင်းချသည့် နှမ်းတောင်သူများမှာ ဧရာဝတီမြစ်ကို စက်လှေများဖြင့် ဖြတ်ကျော်လာရောက်ခဲ့ကြသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မလယ်၊ မယ်ဇာတော၊ ထန်းတော၊ ချောင်းရှည်၊ ပစီ၊ လေးတွင်းစင်၊ စိုက်ကွင်း၊ ငါးတွင်းကြီး၊ မောင်ကြောင့်တော၊ ယုန်လေးကုန်း၊ အုန်းပင်ကုန်း၊ စိုင်းဝေါင်းကျေးရွာများမှာ အများဆုံးလာရောက်ရောင်းချကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသနဲ့ ကိုက်ညီတဲ့ အထွက်နှုန်းကောင်းပြီး သက်တမ်းတို အောင်လံနှမ်းမျိုးကို အများဆုံးစိုက်ပျိုးကြပါတယ်။ ဒီနှမ်းနက်အမျိုးအစားက လက်ရှိပေါက်ဈေး တစ်တင်းကို ခြောက်သောင်းရောင်းရပါတယ်။ ရာသီပေါ်စကဆိုရင် ခြောက်သောင်းခွဲအထိ ဈေးရပါတယ်။

" သပိတ်ကျင်းမြို့ပွဲရုံတွေထိလာရောင်းရတာကတော့အချိန်အတွယ် သဘောကျပြီး ဈေးကောင်းပေးလို့ မိုင် ၂၀ ကျော်လောက်ဝေးတဲ့ တစ်ဖက်ကမ်းကနေပြီး အပင်ပန်းခံလာရောက်ကြတာပါ"ဟု နှမ်းတောင်သူတစ်ဦးကနှမ်းဈေးကွက်နှင့် ပတ်သက်ပြီး ရှင်းပြခဲ့သည်။

သပိတ်ကျင်းမြို့ပေါ်တွင် နှမ်းကောက်သည့်ပွဲရုံ သုံးရုံရှိပြီး ပွဲရုံတစ်ရုံလျှင် နှမ်းတောင်သူများထံမှ တစ်နေ့လျှင် နှမ်းတင်း ၂၀၀ ကျော်မှ ၃၀၀ ကျော်အထိ ကောက်ယူရရှိကာ မန္တလေးဈေးကွက်သို့ ညတွင်းချင်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**


## ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
## ဖိတ်ကြားလွှာ

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)မှ တတိယအကြိမ် သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် သက်ကြီးပူဇော်ပွဲ (အသက် ၇၀နှစ်နှင့်အထက်) အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပရန်ရှိပါသဖြင့် ကော့သောင်းသူ၊ ကော့သောင်းသားများနှင့် အသင်းသူ၊ အသင်းသားများအားလုံး မပျက်မကွက်ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

သက်ကြီးပူဇော်ပွဲအတွက် ကန်တော့ခံမည့်ပုဂ္ဂိုလ်များ၏စာရင်းကို ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်နောက်ဆုံးထား၍ အသင်းတည်ရှိရာ အမှတ်(၇၀)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်သို့ လာရောက်စာရင်းပေးသွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

နေ့ရက် - ၁၈-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၀း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ
အကျွေးအမွေး - ရှမ်းမုန့်တီနှင့် ကော်ဖီ
နေရာ - HOTEL YANGON, ROYAL BALL ROOM, SECOND FLOOR
ကမ္ဘာအေးစေတီလမ်းနှင့် ပြည်လမ်းထောင့်(၈)မိုင် မီးပွိုင့်၊ မရမ်းကုန်းမြို့နယ်။

အမှုဆောင်အဖွဲ့
ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/ဆေးစက်)၊ မြေကွက်အမှတ်(၂၀၃)၊ မြေကွက်တည်နေရာအမှတ်(၂၀၃)၊ မဟာဗန္ဓုလလမ်း၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးလှကြိုင်[၁၂/ဒပန(နိုင်)၀၁၁၈၃၇]၊ ဦးကျော်ခင်[၁၂/လကန(နိုင်)၀၃၇၁၀၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးလှကြိုင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်မြမြသန်း[၁၂/သလန(နိုင်)၀၂၇၃၈၄]နှင့် ကျန်အမည်ပေါက် ဦးကျော်ခင်တို့ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာ ၁၂၇၂၆/၁၄ (၁၂-၅-၂၀၁၄)နှင့် ၂၇၈၄၃/၁၄(၁၄-၁၀-၂၀၁၄) ဖြင့် ရရှိသူ ဦးဝင်းကြွယ်(ခ) D.K.B စဝပ်[၁၂/စခန(နိုင်)၀၅၈၆၄၁]မှ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းနှင့် ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါ မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထား များဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### နိုင်ငံခြားရေးဝန်ကြီးဌာန အငြိမ်းစားဝန်ထမ်းများ နှစ်ပတ်လည်တွေ့ဆုံပွဲနှင့်ညစာစားပွဲဖိတ်ကြားခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အငြိမ်းစားဝန်ထမ်းများနှင့် ဇနီး/ခင်ပွန်းများနှစ်ပတ်လည်တွေ့ဆုံပွဲနှင့် ညစာစားပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ပါဝင် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၇-၁-၂၀၁၅ရက်(စနေနေ့)
အချိန် - ၁၇း၀၀နာရီ
နေရာ - Rainbow စားသောက်ဆိုင်၊ သစ္စာလမ်း၊ ရန်ကုန်မြို့။
အမှတ်(၁၀)(က)၊ ရတနာလမ်း၊ မိကျောင်းကန်ရပ်ကွက်(၃)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပါရန်

ဦးဖေသန်းဦး ၀၁-၅၃၆၅၂၀၊ ဦးမြင့်စိုး ၀၁-၅၄၅၈၀၉၊ ၀၉-၄၅၀၀၅၂၂၃၈၊ ဦးအေးကျော်လွင် ၀၁-၅၆၄၂၁၇၊ ၀၉-၅၀၈၃၁၅၆၊ ဦးကိုကိုကျော် ၀၁-၅၀၁၄၃၂၊ ဦးသစ်လွင် ၀၉-၅၀၂၁၁၁၇၊ ၀၉-၇၃၀၈၇၉၀၉၊ ၀၁-၅၃၁၃၆၉၊ ဦးထိန်လင်းအောင် ၀၁-၅၆၀၇၄၀၊ ၀၉-၅၀၃၉၀၃၃၊ ဦးစံမြင့် ၀၁-၂၉၄၅၁၉၊ ဒေါ်မြစိန် ၀၁-၂၄၅၆၉၄



### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇)၊ မြေကွက်အမှတ်(၆/ခ-၃)၊ မြေကွက်တည်နေရာအမှတ်-၂၀၂(က)၊ မွေသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ ဒေါ်ခင်မြိုင်၊ ဦးလှမှီ၊ ဦးကျော်တင့်အမည်ပေါက်မြေပိုင်မြေ(လ/န၃၉)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်မြိုင်(အပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် မောင်ဖြစ်သူ အမည်ပေါက်ဦးကျော်တင့်[၁၂/လမန(နိုင်) ၀၅၃၆၁၃]နှင့်ကျန်အမည်ပေါက်တစ်ဦး ဦးလှမှီ[၁၂/လမန(နိုင်)၀၅၃၈၂၀] တို့ကကွယ်လွန်သူအစ်မ ဒေါ်ခင်မြိုင်၏ပိုင်ဆိုင်ခွင့်အစုအား မွေးချင်းမောင်အရင်းဖြစ်သူ ဦးကျော်တင့်တစ်ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း၊ ကျမ်းကျိန်လွှာ၊ သေစာရင်းနှင့်မြေစာရင်းမှတ်ချက်ရှိ ဦးမြမောင်၏ကန့်ကွက်ချက်နှင့်ပတ်သက်၍ ယခင်က မြေပေါ်တွင် အငှားထားခဲ့စဉ်က ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်းရှင်းလင်းစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊
သာသနာ့ဒါယကာကြီး
ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ပစ္စည်းလေးပါးအလှူဒါယကာ
လူမှုထူးချွန်ပထမဆင့်၊
သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊

## ဦးသိန်းဝင်း (ခ) လင်ကမ်းစိန်
## နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်
## (ပဲခူးမြို့၊ အောင်သုခမေ္မရိပ်သာယောဂီ)
## အသက် (၇၆) နှစ်

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယကကြီး ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

RAINFOREST **Rain Forest Co., Ltd**

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်၊
သာသနာ့ဒါယကာကြီး
ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ပစ္စည်းလေးပါးအလှူဒါယကာ
လူမှုထူးချွန်ပထမဆင့်၊
သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊

## ဦးသိန်းဝင်း (ခ) လင်ကမ်းစိန်
## နာယက၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်
## (ပဲခူးမြို့၊ အောင်သုခမေ္မရိပ်သာယောဂီ)
## အသက် (၇၆) နှစ်

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယကကြီး ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရွှေနေမင်းကြီးကုမ္ပဏီလီမိတက်**

# စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားမင်္ဂလာညှော်ခံပွဲ

# ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ငြိမ်းအိမ်ရာ၊ တိုက်အမှတ် (၉/၃)၊ အခန်း(၄၃)နေ (ဦးနေထွန်း)-
ဒေါ်နီလာတင် (Director,Theia & Young Trading Co.,Ltd.Yangon)(ဆည်မြောင်းဦးစီးဌာန-ငြိမ်း)တို့၏သားငယ်

**မောင်ရဲမာန်ထွန်း**

**B.A(English) IANDC(NCC-UK)**
**Deputy Director(MARLAR MYAING Co.,Ltd)**

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းသွယ်(၃)၊ တိုက်အမှတ် (၃၁၁)၊ အခန်း(၉)နေ
ဦးစိုးနိုင် (Chief Officer,Ocean Tankers Pte., Ltd)- ဒေါ်နီလာအောင်တို့၏ သမီးကြီး

**မအိဖြူဘို**

**B.A(Chinese)Y.U.F.L**
**Advanced Diploma in Accounting and Business**
**ACCA Part-3,DA(UK),DCA(UK)**
**Senior Account Executive (AEON Microfinance Myanmar Co.,Ltd)**

တို့၏ ၁၂-၁၂-၂၀၁၄ရက်(သောကြာနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားလွှတ်တော်ဦးစီးအရာရှိအားလည်းကောင်း၊ ၁၃-၁၂-၂၀၁၄ရက်(စနေနေ့)တွင် ရန်ကင်း၊ ပညာဝတီကျောင်းတိုက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်း ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၀-၁၂-၂၀၁၄ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ် ထိမ်းမြားပေးပါသော ဦးငွေးလှိုင် (ဥက္ကဋ္ဌ-MARLAR MYAING Co.,Ltd)နှင့် ဇနီး ဒေါ်လဲ့လဲ့ဦး (ဒုဥက္ကဋ္ဌ-MARLAR MYAING Co.,Ltd) မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ဦးကျော်စန်းဝင်း(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)နှင့်ဇနီး ဒေါ်ခင်မြသိန်း (လ/ထအထွေထွေမန်နေဂျာ-ငြိမ်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန)၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဦးမျိုးညွန့်(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)နှင့်ဇနီး ဒေါ်နုနုဝင်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲအခမ်းအနားတွင် ကူညီပေးခဲ့သော ဦးသော်တာထွန်း(CEO-MARLAR MYAING Co.,Ltd)နှင့် ဇနီး ဒေါ်အင်ကြင်းလွင်တို့အားလည်းကောင်း၊ မင်္ဂလာရှေ့တော်ပြေး ပန်းကလေးများ ကိုင်ဆောင်ပေးကြပါသော မ Kayley လင်းကျော်၊ မအိန္ဒြာအေးငြိမ်းသူ၊ မSarah မင်းလတ်၊ မင်္ဂလာပန်းကြဲပေးပါသော မဟေမန်စိန်သိဏ်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများကိုင်ဆောင်ပေးပါသော မသင်းသဥ္ဇာညိမ်း၊ မင်္ဂလာအရံများအဖြစ်ဆောင်ရွက်ပေးသော မောင်ငြိမ်းလွင်လတ်၊ မောင်အောင်သူ၊ မရည်မွန်ကျော်၊ မဝင့်ဝါမှိုမှိုတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုဖတ်ကြားပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော ဒေါ်ရီရီသန့်(မြန်မာမှုတေးဂီတအဖွဲ့)မိတ်ကပ်နှင့် ဆံပင်အလှ ဖန်တီးပေးပါသော မေဦး(Make up Artist)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော ဒီဇိုင်နာမဇူဇူ (ZuZu Collection)၊ ပန်းအလှပြင်ပေးပါသော Lin Lin (Floral), Pre Wedding ဓာတ်ပုံများ၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုများ ရိုက်ကူးပေးပါသော Forever (Photo & Studio)၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dagon Printing & Invitation Cards၊ မင်္ဂလာ ပြန်ကမ်းလက်ဆောင်များအား မေတ္တာဖြင့်ကူညီပေးပါသော Theia & Young Trading Co.,Ltd, Singapore နှင့် ကြွရောက်ချီးမြှင့်ပေးကြသော ရပ်နီးရပ်ဝေးနှင့် နိုင်ငံရပ်ခြားမှ ဆွေမျိုးမိတ်ဆွေများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများ၊ သူငယ်ချင်းများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်နိုင်ခြင်းမရှိသော်လည်း မင်္ဂလာဆုမွန်ကောင်းများဖြင့် မင်္ဂလာလက်ဖွဲ့များပေးပို့ ချီးမြှင့်ကြပါသော ရပ်နီးရပ်ဝေးနှင့် နိုင်ငံရပ်ခြားမှ ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၂၀-၁၂-၂၀၁၄ရက် ည Micasa Hotel(Pool Side)တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြပါသော လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအသီးသီးအား အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ရဲမာန်ထွန်း- မအိဖြူဘို**

# မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ဗိုလ်ချုပ်တင်မောင်ဝင်း(ကာကွယ်ရေးဦးစီးချုပ်ရုံး-ကြည်း)-ဒေါ်တင်လေးနွယ်တို့၏ သားတပည့်
မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ရပ်ကွက်(၅)၊ တိုက်အမှတ်(**A-2**)နေ
(ဦးကယ်နီ)-ဒေါ်တင်တင်ထွေးတို့၏သား

**ဗိုလ်မှူး ငြိမ်းချမ်းကိုကို**

**M.C.Sc (DSA)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ သုခဝတီလမ်း(စူနီယံပါတ်)၊ ခြံအမှတ်(၂၀-ခ)နေ
(ဦးသန်းငွေအောင်)-ဒေါ်သက်သက်ငွေ (Director; Tet Thit Wai Services Co.,Ltd)တို့၏သမီး

**မဟေမာသန်း**

**B.E (Civil)**
**M.E (Construction Management, Thesis) (YTU)**

တို့၏ ၁၃-၁၂-၂၀၁၄ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ် တင်မောင်ဝင်း (ကာကွယ်ရေးဦးစီးချုပ်ရုံး-ကြည်း)၏ ဇနီး ဒေါ်တင်လေးနွယ်၊ အောင်မင်္ဂလာပန်းကုံးများချီးမြှင့်ပေးပါသော Dr.ဝင်းမြင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့် ဇနီး ဒေါ်တင်မမ၊ မင်္ဂလာအောင်လက်စွပ်မောင်နှံကို ဆင်မြန်းချီးမြှင့်ပေးပါသော ဦးအေးမောက် (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ အတွင်းရေးမှူး၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ပြည်သူ့လွှတ်တော်)နှင့်ဇနီး ဒေါ်ခင်ဝင်းကြည်တို့အားလည်းကောင်း၊ ဗိုလ်မှူးချုပ် အောင်သိန်း(ငြိမ်း) (ဒုတိယဝန်ကြီး- ငြိမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန)၊ အငြိမ်းစားအရာရှိကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ် (YTU)၊ ရန်ကုန်အနောက်ပိုင်းနည်းပညာ တက္ကသိုလ်(WTU)၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)နှင့် ရန်ကုန်မြို့၊ ပြည်လမ်း TTC တို့မှ ဆရာ/ဆရာမများနှင့် သူငယ်ချင်း များအားလည်းကောင်း၊ သတို့သားအရံ (ဗိုလ်မှူး) ဗိုလ်ကြီးသန့်ဇင်မျိုးနိုင်နှင့် ဗိုလ်ကြီးစိုးမင်းအောင်၊ သတို့သမီးအရံ မသိမ့်သီတာလှိုင်နှင့် Dr.ခိုင်စပယ်ကျော်တို့အားလည်းကောင်း၊ မင်္ဂလာပန်းလမ်းခင်းကျင်းပေးပါသော အိမ့်ချစ်၊ မင်္ဂလာ ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော Drရတနာမျိုးညွန့်၊ မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းချီးမြှင့်ပေးပါသော Capt သတိုးကျော်နှင့်ဇနီး ဒေါ်မိမိနိုင် (Precious Gems & Jewellery)၊ မေတ္တာဖြင့် သတို့သမီးအရံများနှင့် မင်္ဂလာဗန်းကိုင်များ၏ ဝတ်စုံများကို ဆင်မြန်းချီးမြှင့်ပေးပါသော မေသူထက် (Golden Petal)တို့အားလည်းကောင်း၊ မိတ်ကပ်- စိုးစိုး (ရန်ကုန်)၊ မိတ်ကပ် ဘိုဘိုနီ (ကျောက်ဆည်နှင့် ပြင်ဦးလွင်မင်္ဂလာပွဲ)၊ မင်္ဂလာဝတ်စုံ မဇူဇူ (Zu Zu Collection)၊ ပန်း-နီနီ(ပွိုင့်)၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးပါသော First Music Agency ၊ မှတ်တမ်းတင်ပေးပါသော ဓာတ်ပုံနှင့် ဗီဒီယို ဝဏ္ဏခွာနီးတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနား ကျင်းပရာ နေရာအသီးသီး၌ အဆင်ပြေအောင်မြင်စွာ ကျင်းပနိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း၊ ဂုဏ်သရေရှိ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သော မိဘများနှင့် ဗိုလ်မှူး ငြိမ်းချမ်းကိုကို-မဟေမာသန်း**

**ကိုသန့်ဇင် Car Rental**

ကားမျိုးစုံ မြို့တွင်း၊ မြို့ပြင်၊ လချုပ်၊ အချိန်ပိုင်းငှားသည်။

ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

PH: 09-5059821, 09-43117680



သင် ..................... ဘာဖြစ်ချင်လဲ ဘာလုပ်ချင်လဲ

**ဆရာရှင်မင်း(B.A)**

အကြားအမြင် မနောစွမ်းအား

မန္တလေးမြို့မှ နာမည်ကျော်ဆရာရှင်မင်း ရန်ကုန်မြို့သို့ ရောက်ရှိလာပါပြီ
ဖြစ်လိုသောကိစ္စများကိုအစွမ်းထက် မနောစွမ်းအား ဂမ္ဘီရပညာဖြင့်စီမံဆောင်ရွက်ပေးသည်။ မနောစွမ်းအားဖြင့် အစက်အခဲများအောင်မြင်စေရမည်။ နှန်း၃၀၀၀ိ/
တိုက်အမှတ်(၉၄)ပထပ်မန္တလေးလမ်း(လယ်)မင်္ဂလာတောင်ညွန့်၊ရန်ကုန်၊09-421164758,09-425028226

## ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)
## ဖွဲ့စည်းပြီးစီးကြောင်းအသိပေးကြေညာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှု၊ ကနဦးတည်ထောင်အဆိုပြုသူများ၏ ပါဝင်ဆောင်ရွက်မှုတို့ဖြင့် တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် ထူထောင်ရန်အတွက် အများပိုင်ကုမ္ပဏီဖြစ်သည့် ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) Ayeyarwaddy Farmers Development Bank Public Company Limited ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ ဧရာဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)၏ အဓိကရည်ရွယ်ချက်များမှာ ဧရာဝတီတိုင်းဒေသကြီး၏ စီးပွားရေးကို တိုးမြှင့်ရန်၊ တိုင်းဒေသကြီးအတွင်း နေထိုင်သော တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝနှင့် အကျိုးစီးပွားကို မြှင့်တင်ရန်အတွက် လိုအပ်သောငွေကြေးနှင့် ငွေကြေးဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန်၊ ဒေသအခြေပြုကျေးလက်ဘဏ် လုပ်ငန်းကို စနစ်တကျဖော်ဆောင်ရန်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုရန် တို့ဖြစ်ပါသည်။

၃။ ကုမ္ပဏီအနေဖြင့် လုပ်ငန်းညွှန်းတမ်းနှင့် လုပ်ငန်းစီမံချက်ကို ပြုစုပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် အများပြည်သူသို့ အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ထုတ်ဝေရောင်းချနိုင်ရန် ဆက်လက်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သော တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ် စည်းမျဉ်းနှင့် မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ဗဟိုဘဏ်၏ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်တင်ပြ လျှောက်ထားခြင်း တို့ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ခွင့်ပြုချက်များရရှိပါကအများပြည်သူသို့ ထပ်မံ တင်ပြအသိပေး၍ လုပ်ငန်းစတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

(ကနဦးတည်ထောင်အဆိုပြုသူများ)

ဆက်သွယ်ရန်လိပ်စာ - ၁၁၀၄/၁၁၀၅/၁၁၀၆/ ရဲတံခွန်တာဝါ၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၀၁-၅၀၈၀၇၀၊ ၅၀၈၂၃၂၊ ၅၀၈၂၃၃
- ခြံအမှတ်(၃)၊ မဟာဗန္ဓုလလမ်းနှင့်မြိုင်ဟေမာလမ်းထောင့်၊ ပုသိမ်မြို့။
ဖုန်း - ၀၄၂ ၂၃၈၇၇

# မကွေးတက္ကသိုလ်
# (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်

မကွေးတက္ကသိုလ်နှင့် ရေနံချောင်းဒီဂရီကောလိပ်တို့မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ ၂၀၁၃ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေပညာ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ ၂၀၁၄ခုနှစ်၊ မေလတွင် ပြီးစီးခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာဥပဒေ(ဘွဲ့)၊ မဟာသုတေသန(ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများအတွက် မကွေးတက္ကသိုလ်၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၁-၁-၂၀၁၅ရက်မှ ၂၅-၁-၂၀၁၅ရက်ထိ မကွေးတက္ကသိုလ် ဘက်စုံခန်းမတွင် အောက်ပါအပိုင်းခွဲ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ပထမနေ့ (၂၂-၁-၂၀၁၅) အစီအစဉ်

ပထမပိုင်း၊ နံနက်(၉း၀၀)နာရီ

| | | | |
|---|---|---|---|
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာသုတေသန(ဘွဲ့) | အင်္ဂလိပ်စာ |
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာသိပ္ပံ(ဘွဲ့) | ဓာတုဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဘူမိဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | မြန်မာစာ |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဓာတုဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | ဥပဒေပညာ(ဘွဲ့) | ဥပဒေပညာ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဘွဲ့) | ရူပဗေဒ |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ |

ပထမပိုင်းအစမ်းလေ့ကျင့်ရက် (၂၁-၁-၂၀၁၅) နံနက်ပိုင်း (၈း၀၀)နာရီ

ပထမနေ့ (၂၂-၁-၂၀၁၅) အစီအစဉ်

ဒုတိယပိုင်း၊ မွန်းလွဲ(၂း၀၀)နာရီ

| | | | |
|---|---|---|---|
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာသုတေသန(ဘွဲ့) | ရူပဗေဒ |
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | အဏုဇီဝဗေဒ |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | သမိုင်း |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရုက္ခဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဘွဲ့) | ဇီဝဓာတုဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ်စာ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဘွဲ့) | အဏုဇီဝဗေဒ |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | ရုက္ခဗေဒ |

ဒုတိယပိုင်း အစမ်းလေ့ကျင့်ရက် (၂၁-၁-၂၀၁၅) မွန်းလွဲပိုင်း (၁း၃၀)နာရီ

ဒုတိယနေ့ (၂၃-၁-၂၀၁၅) အစီအစဉ်

တတိယပိုင်း၊ နံနက် ၉း၀၀နာရီ

| | | | |
|---|---|---|---|
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာသုတေသန(ဘွဲ့) | သင်္ချာ |
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာဝိဇ္ဇာ(ဘွဲ့) | သမိုင်း |
| ၂၀၁၂-၂၀၁၃ | မကွေး | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ဒဿနိကဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဇီဝဓာတုဗေဒ |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ပထဝီဝင် |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဘွဲ့) | ဘူမိဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | ဓာတုဗေဒ |

တတိယပိုင်း အစမ်းလေ့ကျင့်ရက်(၂၁-၁-၂၀၁၅) နံနက်ပိုင်း(၈း၀၀)နာရီ

ဒုတိယနေ့ (၂၃-၁-၂၀၁၅)အစီအစဉ်

စတုတ္ထပိုင်း၊ မွန်းလွဲ(၂း၀၀)နာရီ

| | | | |
|---|---|---|---|
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာသုတေသန(ဘွဲ့) | ဘူမိဗေဒ |
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာဥပဒေ(ဘွဲ့) | ဥပဒေပညာ |
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာသိပ္ပံ(ဘွဲ့) | သတ္တဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဓာတုဗေဒ |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သင်္ချာ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဘွဲ့) | သင်္ချာ |
| ၂၀၁၂-၂၀၁၃ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | သတ္တဗေဒ |

စတုတ္ထပိုင်း အစမ်းလေ့ကျင့်ရက် (၂၁-၁-၂၀၁၅) မွန်းလွဲပိုင်း (၁း၃၀)နာရီ

တတိယနေ့ (၂၄-၁-၂၀၁၅) အစီအစဉ်

ပဉ္စမပိုင်း၊ နံနက် ၉း၀၀နာရီ

| | | | |
|---|---|---|---|
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာသိပ္ပံ(ဘွဲ့) | ရုက္ခဗေဒ |
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ်စာ |
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာသိပ္ပံ(ဘွဲ့) | ဘူမိဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သင်္ချာ |
| ၂၀၁၂-၂၀၁၃ | မကွေး | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ပထဝီဝင် |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သတ္တဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဘွဲ့) | သတ္တဗေဒ |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | သင်္ချာ |

ပဉ္စမပိုင်းအစမ်းလေ့ကျင့်ရက် (၂၁-၁-၂၀၁၅) နံနက်ပိုင်း ၈း၀၀နာရီ

တတိယနေ့(၂၄-၁-၂၀၁၅)ရက် အစီအစဉ်

ဆဋ္ဌမပိုင်း မွန်းလွဲ (၂း၀၀)နာရီ

| | | | |
|---|---|---|---|
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာဝိဇ္ဇာ(ဘွဲ့) | ဒဿနိကဗေဒ |
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာသိပ္ပံ(ဘွဲ့) | သင်္ချာ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရူပဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရုက္ခဗေဒ |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရူပဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဘွဲ့) | ရုက္ခဗေဒ |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | ရူပဗေဒ |

ဆဋ္ဌမပိုင်း အစမ်းလေ့ကျင့်ရက် (၂၁-၁-၂၀၁၅)၊ မွန်းလွဲပိုင်း ၁း၃၀နာရီ

စတုတ္ထနေ့ (၂၅-၁-၂၀၁၅) အစီအစဉ်

သတ္တမပိုင်း၊ နံနက် (၉း၀၀)နာရီ

| | | | |
|---|---|---|---|
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ |
| ၂၀၁၃-၂၀၁၄ | မကွေး | မဟာသိပ္ပံ(ဘွဲ့) | ရူပဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | အင်္ဂလိပ်စာ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သတ္တဗေဒ |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | မြန်မာစာ |
| ၂၀၁၂-၂၀၁၃ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ဒဿနိကဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | သိပ္ပံ(ဘွဲ့) | ဓာတုဗေဒ |
| ၂၀၁၂-၂၀၁၃ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် |
| ၂၀၁၂-၂၀၁၃ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း |

သတ္တမပိုင်း အစမ်းလေ့ကျင့်ရက် (၂၁-၁-၂၀၁၅) နံနက်ပိုင်း (၈း၀၀)နာရီ

ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ကြရမည်။ မြန်မာအမျိုးသားဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာ၊ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုသည့် လက်မှတ်နှင့် ဧည့်လက်မှတ်များကို ၁၇-၁-၂၀၁၅ရက်မှစ၍ မကွေးတက္ကသိုလ်၊ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ကိုယ်တိုင်လာရောက်ထုတ်ယူကြရမည်။

တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လ ပြည့်သည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(အောင်ရွှေ)**
**ဌာနမှူး၊ သင်တန်းရေးရာဌာန၊ မကွေးတက္ကသိုလ်**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## ၂၀၁၄-၂၀၁၅ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်
## ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ်(ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း)တို့တွင် ၂၀၁၄-၂၀၁၅ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ သန်စွမ်းကျန်းမာသူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ။

(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ။

(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မြို့ပြအင်ဂျင်နီယာ

(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ

(ဃ) စက်မှုအင်ဂျင်နီယာ

၆။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့ လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၃၀-၁၂-၂၀၁၄ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၁၁-၁-၂၀၁၅ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့် ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်။

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း။

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း(မူရင်းနှင့် မိတ္တူ)။

(ဃ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရနည်းပညာကောလိပ် (ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ကျေးဇူးဆပ်

ကျွန်တော် မောင်သန့်ဇင်၏ (CDC 80237)၏ 3/E Exam Result Sheet ပျောက်ဆုံးသွားပါသဖြင့် တွေ့လျှင်အကြောင်းကြားပေးပါ။ ဖုန်း-09-31356311

## ၂၇-၁၂-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာကဏ္ဍ၊ စာမျက်နှာ(၆)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာဝင်း၊ အထက်တန်းရှေ့နေ ဒေါ်မိတင်ဇာလင်းတို့၏ကြေညာချက်နှင့် ပတ်သက်၍ သက်ဆိုင်သူအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ TOSTA AVENUE၊ အမှတ်(၆/၇)နေ ဦးအုန်းမြင့်[၁၂/ကတတ(နိုင်)၀၀၃၄၇၃] ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ရတနာအိမ်ရာစီမံကိန်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၃၁၈)၊ (၃၁၉)၊ (၃၁၁)၊ (၃၁၅)၊ (၃၀၉)ဟုအမည်တွင်သော မြေကွက်များသည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအုန်းမြင့်မှ ၁၉၉၆ခုနှစ်မှ ယနေ့အထိ စဉ်ဆက်မပြတ် လက်ဝယ်ထားရှိပိုင်ဆိုင်ခဲ့သော မြေကွက်များဖြစ်ကြပြီး ဦးကျော်မြင့်[၁၂/မဂတ(နိုင်)၀၄၉၂၄၂] Great Father Land Construction & Decoration Co.,Ltd နှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိပါ။

သို့အတွက် ဦးကျော်မြင့် Great Father Land Construction &Decoration Co.,Ltd နှင့် ပတ်သက်သူများအားလုံးသည် ယင်းကုမ္ပဏီနှင့်သာ ဥပဒေနှင့်အညီ ဖြေရှင်းကြရန်နှင့် ကျွန်ုပ်မိတ်ဆွေ ဦးအုန်းမြင့်၏ စဉ်ဆက်မပြတ် လက်ဝယ်ရရှိပိုင်ဆိုင်နေသော အထက်ဖော်ပြပါ မြေကွက်များနှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ဝင်ရောက်ကျူးကျော်ခြင်း၊ ကျူးကျော်ရန်အားထုတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်းများ မပြုလုပ်ရန် ပြင်းထန်စွာ သတိပေးအပ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ကျူးလွန်ဖောက်ဖျက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝင်းရွေး(B.A,R.L)** | **ဦးဇော်မင်း(ဥပဒေဘွဲ့)(စဉ်-၂၆၆၂)** | **ဒေါ်စမ်းစမ်းဦး** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေနှင့်** | **(ဥပဒေဘွဲ့)** |
| **(စဉ်-၂၂၅၆)** | **ကုမ္ပဏီများ၏ဥပဒေအကြံပေးပုဂ္ဂိုလ်** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၆၇)** |

**ရုံး-Winner Firm၊ အမှတ်(၆၂)၊ ပထမထပ်၊ အခန်း(၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၁၉၈၅**

# မြေကျယ်
# အမြန်ဆုံးဝယ်လိုသည်

ရန်ကုန်မြို့၊ အနီးတစ်ဝိုက်(၂ဧကမှ ၃၀ဧက)။
အနည်းဆုံး ဥယျာဉ်ခြံမြေ၊ အိမ်ဆောက်နိုင်သော မြေဖြစ်ရပါမည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၁၁၆၂၀၅၊
၀၉-၇၃၀၃၁၆၄၈၊

ဟိုက်ဒြောလစ်/လေဖိအား
Full Auto
PH:09 731 99 410
09420035882, 73199257

## ရောင်းရန်

ရန်ကုန်-ပဲခူး လမ်းမကြီးအနီး လှည်းကူးမြို့အထွက် ပေ(၄၀×၆၀) ခြံမြေရောင်းရန်၊
**ဈေးနှုန်း (၆၅) သိန်း**
**ဆက်သွယ်ရန်ဖုန်း-**
၀၉-၃၁၅၃၆၉၅၄၊ ၀၉-၃၁၃၁၇၈၇၀
၀၉-၄၂၀၁၇၀၈၄

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂၁၅)၊ စက်ဝင်းရပ်နေ ဦးမျိုးမြင့်[၉/မနတ(နိုင်)၀၈၃၆၁၇] -ဒေါ်နှင်းမြ [၉/မနတ(နိုင်)၀၈၃၆၆၇]တို့၏သား မောင်အောင်ဇေယျာမျိုး[၉/အမဇ(နိုင်)၀၂၀၆၆၇]သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိ သဘောဆန္ဒအတိုင်း ပြုမူသွားပြီး နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးမျိုးမြင့်-ဒေါ်နှင်းမြ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးအောင်နိုင်-ဒေါ်လှလှအေးတို့၏ သမီးဖြစ်သူ မစိုးကလျာ(ခေတ္တ-ဂျပန်)[၁၂/ဥကမ(နိုင်)၂၂၂၂၇၂]သည် မိဘစိတ်ဆင်းရဲသောကရောက်အောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သူမနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင် ဦးအောင်နိုင်-မိခင် ဒေါ်လှလှအေး**

Hot Line No-0930500100

# မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ကြီးထုလုပ်ရန် ကျောက်တော်ကြီး နေပြည်တော်သို့ စတင်သယ်ဆောင်



မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ကြီး ထုလုပ်ရန် ကျောက်တော်ကြီးကို နေပြည်တော်သို့ စတင် ပင့်ဆောင်လာသည်ကို ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

**မန္တလေး ဇန်နဝါရီ ၁**

နေပြည်တော် ဖိုးဇောင်းတောင် အောင်မောဋ္ဌ တောင်ညွန့်တွင် တည်ထားကိုးကွယ်မည့် မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ကြီး ထုလုပ်ရန် ကျောက်တော်ကြီး ထွက်ရှိရာ စကျင်ကျေးရွာမှ နေပြည်တော်သို့ ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် စတင်ပင့်ဆောင်ခဲ့သည်။

အဆိုပါ ကျောက်တော်ကြီး ပင့်ဆောင်ရာ လမ်းတစ်လျှောက်တွင် ပြည်သူအများ လာရောက်ဖူးမြော်ကြကာ အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး သယ်ဆောင်ရာ လမ်းတစ်လျှောက်ရှိ မြို့နယ်များဖြစ်သည့် မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်နှင့် တံတားဦးမြို့နယ်တို့မှ ဌာနဆိုင်ရာများက ကျောက်တော်ကြီး ပင့်ဆောင်ရာတွင် လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ကျောက်တော်ကြီးကို Heavy Modular Traler ယာဉ်ကြီး သွားလာရလွယ်ကူသော မန္တလေးတောင်အနောက်ဘက်မှ (၁၂)လမ်း၊ (၁၂)လမ်းမှ လမ်း(၈၀)၊ လမ်း(၈၀)အတိုင်း (၂၆)လမ်း၊ (၂၆)လမ်းအတိုင်း(၇၈)လမ်း၊ (၇၈)လမ်းမှ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း ပုလိပ်ကျေးရွာ၊ ထိုမှ အမြန်လမ်းရှိ စကားအင်း လမ်းအသုံးပြုခကောက်ခံရေးစခန်းအနီး ညအိပ်ရပ်နားမည့် နေရာသို့ ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။

ကျောက်တော်ကြီးကို ဇန်နဝါရီ ၂ နံနက်ပိုင်းတွင် သီးကုန်းစခန်းသို့ ပင့်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မာတိကာ


**သီးနှံပွဲ့ဖြိုး အထွက်တိုးရေး** စာမျက်နှာ - ၂

**ရှန်ဟိုင်းနှစ်ကူးပွဲတော် လူအုပ်ပြိုကျရာမှ ၃၆ ဦး သေဆုံး** စာမျက်နှာ - ၄

**လွတ်လပ်ရေးကြိုးပမ်းမှု ဂီတသမိုင်းအကျဉ်း** စာမျက်နှာ - ၆


## နေပြည်တော်၌ကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနားသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ကေအိုင်အေ/ကေအိုင်အို၊ တီအင်န်အယ်လ်အေ အဖွဲ့ခေါင်းဆောင်များ ဖိတ်ကြားထား

**နေပြည်တော် ဇန်နဝါရီ ၁**

နှစ်ပေါင်း (၁၀) ကြာ တိမ်မြုပ်နေသော မြန်မာနိုင်ငံ၏ ကောင်းမြတ်သည့် အစဉ်အလာတစ်ခုကို ပြန်လည်ဖော်ထုတ်ပြသသည့်အနေဖြင့် ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားကို ဇန်နဝါရီလ ၄ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗိုလ်ရှုခံအခမ်းအနားသို့ မဏ္ဍိုင်သုံးရပ်မှ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်နှစ်ရပ်မှ ရေးရာကော်မတီ/ကော်မရှင်ဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့များမှ ခေါင်းဆောင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များအား ဖိတ်ကြားထားကြောင်း သိရသည်။

ထို့ပြင် အပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၄ ဖွဲ့မှ တာဝန်ရှိသူများနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်ရေးထိုးနိုင်ရန် ငြိမ်းချမ်းရေးဆွေးနွေးဆဲ ကေအိုင်အေ/ကေအိုင်အိုနှင့် တီအင်န်အယ်လ်အေအဖွဲ့ ခေါင်းဆောင်များကိုလည်း ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ၂၀၁၅ MNL ချာရတီဖလားပြိုင်ပွဲ ဇန်နဝါရီ ၃ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၅ ရာသီအကြို MNL ချာရတီဖလားပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့်ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ ချာရတီဖလားပြိုင်ပွဲမှာ ၂၀၁၂ ရာသီမှစ၍ အမှတ်ပေးချန်ပီယံနှင့် ရှုံး/ထွက် ချန်ပီယံအသင်းတို့ကို ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး ယခုပြိုင်ပွဲတွင် MNL အမှတ်ပေးချန်ပီယံ ရတနာပုံနှင့် ရှုံး/ထွက်ချန်ပီယံ ဧရာဝတီတို့ ကစားရမည်ဖြစ်သည်။ ယခု ချာရတီဖလားပြိုင်ပွဲကို မူလက အိမ်ကွင်း၊ အဝေးကွင်းကစားရန် စီစဉ်ခဲ့သော်လည်း နောက်ဆုံးတွင် တစ်ကျော့သာကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံး၏ ရာသီကြိုပြင်ဆင်မှုများကြောင့် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းလျက်ရှိသည်။

ရတနာပုံအသင်းကို တစ်ကျော့ပြန်အမှတ်ပေးချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြ ဦးခင်မောင်တင်ကသာ ဆက်လက်ကိုင်တွယ်သွားမည်ဖြစ်သည်။ အသင်းမှ နိုင်ငံခြားသားနောက်ခံလူ ဟက်ပီးနက်စ်နှင့် ကွင်းလယ်လူ မက်ဆီမင်တို့ကို သက်တမ်းတိုးထားပြီး လိုက်ဘေးရီးယား လက်ရွေးစင်တိုက်စစ်မှူး ဖိုဒေးနှင့် ဩစတြေးလျကွင်းလယ်လူ ဂျိမ်းမေယာတို့ကို အသစ်ခေါ်ယူထားသည်။ လက်ရှိ လက်ရွေးစင်ကစားသမားများဖြစ်သည့် နန္ဒလင်းကျော်ချစ်၊ တင်ဝင်းအောင်၊ နေမျိုးအောင်တို့အပါအဝင် ဝါရင့်နောက်ခံလူ ဇော်လင်းထွန်းနှင့်ပြည်တွင်းကစားသမားအချို့ကို ခေါ်ယူထားသည်။ ဧရာဝတီအသင်းမှာမူ ၂၀၁၄ ရာသီ ရှုံး/ထွက် ချန်ပီယံအသင်းကို အသင်းသစ်နီးပါးပြောင်းလဲထားပြီး နည်းပြချုပ်အဖြစ် မာဂျန်က ပြောင်းလဲတာဝန်ယူထားသည်။ နိုင်ငံခြားသားကစားသမားလေးဦးစလုံးကိုလည်း အသစ်ခေါ်ယူထားပြီး ပြည်တွင်းကစားသမားများအဖြစ် ဗန်လားဟရွှယ်၊ အောင်ကျော်နိုင်၊ ပြည့်ဖြိုးဦး၊ ချစ်စမ်းမောင်၊ သက်လွင်ဝင်း၊ ထူးကျော်နှင့် ဇင်မျိုးအောင်တို့ကို ခေါ်ယူထားသည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ် ၁၀၀၀၊ ရိုးရိုးတန်းကျပ် ၅၀၀ သတ်မှတ်ထားပြီး ကွင်းဝင်ကြေးအားလုံးကို လှူဒါန်းသွားမည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**


themirror.npt@gmail.com
www.facebook.com/themirrordaily



CALIFORNIA UNITEC
Institute of Engineering
edexcel
Approved Centre No. 93845

15th January 2015 တွင်ဖွင့်လှစ်မည့် Civil Engineering တန်းခွဲသစ် အတွက် ကျောင်းသူ/ကျောင်းသားများအားစတင် လက်ခံနေပါပြီ။

BTEC HND Higher National Diploma in Civil Engineering

- ကမ္ဘာ့အဆင့်မှီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering Course များကို အင်္ဂလန်နိုင်ငံမှ Pearson - Edexcel သင်ရိုးညွှန်းတမ်းအတိုင်း တိကျစွာသင်ယူနိုင်ရန် နိုင်ငံခြားတက္ကသိုလ်ကြီးများ (အမေရိကန်၊ အင်္ဂလန် ၊နယူးဇီလန်၊ ဂျာမဏီ၊ ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်) မှ Ph.D, Master of Engineering ဘွဲ့ရ ဆရာများကိုယ်တိုင် နိုင်ငံခြားတက္ကသိုလ်ကြီးများမှ သင်ကြားပုံနည်းစနစ်များအတိုင်း စာတွေ့လက်တွေ့ (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မှီ စနစ်တကျ English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- ၁၀တန်း၊ GCE "O"Level အောင်၊ တက္ကသိုလ်ပထမနှစ် → Civil Engineering Foundation Course
- GCE "A"Level, တက္ကသိုလ်ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် → HND (Level 4 ) → HND (Level 5)
- HND Higher National Diploma ပြီးပါက B.E (Hons) Civil Engineering ဘွဲ့ကို California Unitec တွင်ဆက်လက်တက်ရောက်နိုင်ပါသည်။

Block C နှင့် D ကြား၊ 3F (တတိယထပ်)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44
www.californiaunitec.com www.facebook.com/californiaunitec

